မြဝတီ နေ့စဉ်

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၂၈)

၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်
၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၄ ရက်၊ စနေနေ့

ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

သင်္ခါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်းရှိသော သူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။

ဓမ္မပဒ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ငူမြို့၊ ကေတုမတီမြို့ဟောင်း ရွှေဟောင်းအမွေအနှစ်ဆိုင်ရာနေရာများပြုပြင်ထိန်းသိမ်းရန် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး

ကေတုမတီမြို့ရိုးသည် ပြန်လည်ဖော်ထုတ်သင့်သည့် ရှေးဟောင်းအမွေအနှစ်တစ်ခုဖြစ်၊ သမိုင်းကြောင်းအရ အထောက်အထားသေချာသည့်နေရာများကို ပြန်လည်ဖော်ထုတ်သွားရန်လို





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ငူမြို့၊ ကေတုမတီမြို့ဟောင်း မြို့ရိုးတူးဖော်ထိန်းသိမ်းထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဩဂုတ် ၂၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ဒုတိယ ဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်နှင့်ဦးမျိုးသန့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ တောင်ငူမြို့၊ ကေတုမတီမြို့ဟောင်း ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နေရာများ ပြုပြင်ထိန်းသိမ်းရန် ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ★



အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၄ ရက်)

လူကုန်ကူးမှုပပျောက်ရေးအလေးထားဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေကို ၂၀၂၂ ခုနှစ် ဇွန်လ ၁၆ ရက်တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ထိုဥပဒေ၏ရည်ရွယ်ချက်များမှာ လူကုန်ကူးမှုများအား အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကျယ်ကျယ်ပြန့်ပြန့်ထိရောက်စွာတားဆီးနှိမ်နင်းရန်၊ လူကုန်ကူးခံရသူအားလုံးကို ကာကွယ်စောင့်ရှောက်ရန်၊ အထူးသဖြင့်လူကုန်ကူးခံရသူအမျိုးသမီးနှင့်ကလေးသူငယ်များအား အလေးဂရုပြု၍ကာကွယ်ရန်နှင့် အကူအညီပေးရန်၊ လူကုန်ကူးမှုကျူးလွန်သူများအား ထိရောက်မြန်ဆန်စွာစုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီထိုက်သင့်သော ပြစ်ဒဏ်များချမှတ်ခြင်းဖြင့် လူကုန်ကူးမှုများလျော့နည်းပပျောက်စေရန်၊ လူကုန်ကူးခံရသူများကို ကယ်ဆယ်ရေး၊ ပြန်လည်လက်ခံရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ အကူအညီပေးရေး၊ ပြန်လည်ထူထောင်ရေးနှင့် ၎င်းတို့အားလူမှုအသိုင်းအဝိုင်းအတွင်းသို့ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးလုပ်ငန်းများကိုထိရောက်စွာဆောင်ရွက်နိုင်ရန်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်က လက်ခံထားသောအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ ပရိုတိုကောလ်များ၊ ဒေသတွင်းနိုင်ငံများ၊ ဒေသခွဲတွင်းနိုင်ငံများနှင့် ချုပ်ဆိုထားသည့်စာချုပ်များ၊ နှစ်နိုင်ငံသဘောတူစာချုပ်များနှင့်အညီ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်လည်းကောင်း၊ အဖွဲ့ဝင်နိုင်ငံများနှင့်လည်းကောင်း ဆက်သွယ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်ဟူသောရည်ရွယ်ချက်တို့ဖြင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေကို ပြဋ္ဌာန်းခြင်းဖြစ်ကြောင်းသိရှိရသည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၂၄)ကို ဩဂုတ်လ ၂၂ ရက်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ကျင်းပခဲ့သည်။ ၂၀၂၃ ခုနှစ် UNODC မှထုတ်ပြန်ခဲ့သည့် အရှေ့တောင်အာရှဒေသအတွင်းကာစီနို၊ဆိုက်ဘာလိမ်လည်မှုနှင့်အတင်းအကျပ် ရာဇဝတ်မှုကျူးလွန်စေရန် လူကုန်ကူးမှုဆိုင်ရာအစီရင်ခံစာ၌ အရှေ့တောင်အာရှဒေသများဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ ဖိလစ်ပိုင်၊ မလေးရှားနှင့် မြန်မာနိုင်ငံစသည့်နိုင်ငံများတွင် အွန်လိုင်းလိမ်လည်မှုနှင့် ငွေကြေးလိမ်လည်မှုများကို အတင်းအကျပ်ကျူးလွန်စေသည့် လူကုန်ကူးမှုများသည်ပုံစံအသစ်ဖြင့် တိုးတက်ဖြစ်ပေါ်လျက်ရှိသည်။ အဆိုပါဖြစ်ပေါ်နေမှုကို နိုင်ငံတကာမှပုံစံသစ်ဖြင့်ဖြစ်ပေါ်လာသောလုပ်အားခေါင်းပုံဖြတ်သည့် လူကုန်ကူးမှုဟုအမည်တပ်ထားကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို ထိထိရောက်ရောက်တားဆီးနှိမ်နင်းလျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် အတင်းအကျပ်ခိုင်းစေခံရသူများကိုကယ်တင်၍ ၎င်းတို့၏နေရပ်ဒေသများသို့ ပြန်လည်စေလွှတ်လျက်ရှိသည်။ မြန်မာနိုင်ငံသို့နယ်စပ်ဒေသများမှတစ်ဆင့် အကြောင်းအမျိုးမျိုးကြောင့်ရောက်ရှိလာပြီး အခက်အခဲမျိုးစုံကြုံတွေ့နေရသည့် နိုင်ငံခြားသားများကို မြန်မာနိုင်ငံရှိသံရုံးများနှင့် အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့ဆက်သွယ်မှုလမ်းကြောင်းများမှတစ်ဆင့် အကူအညီတောင်းခံလာမှုများနှင့်ပတ်သက်ပြီး ကယ်တင်ရရှိသူများကို သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့သည်။

ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြရာမှ အခက်အခဲမျိုးစုံကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများကိုလည်း သက်ဆိုင်ရာနိုင်ငံများရှိ သံရုံးများနှင့်ချိတ်ဆက်ကာ သက်ဆိုင်ရာဝန်ကြီးဌာနများပူးပေါင်း၍ မိမိနိုင်ငံသို့ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိသည်။ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဘင်္ဂလားပင်လယ်အော်စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ဘက်စုံပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(ဘင်းမ်စတက်)အဖွဲ့ဝင်နိုင်ငံများအကြား အကောင်အထည်ဖော်ဆောင်ရွက်မည့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဘင်းမ်စတက်ကွန်ဗင်းရှင်းလုပ်ငန်းလမ်းညွှန် (TOR) နှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဘင်းမ်စတက်လုပ်ငန်းစီမံချက်ကို အပြီးသတ်ရေးဆွေးအတည်ပြုနိုင်ခဲ့သည်။ လူကုန်ကူးခံရသူများအတွက် အကောင်းဆုံးဝန်ဆောင်မှုများပေးနိုင်ရန်အတွက် စံလုပ်ငန်းအစီအစဉ်တစ်ခုဖြစ်သည့် လူကုန်ကူးခံရသူများအားပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့်စံလုပ်ငန်းအစီအစဉ်(၂၀၂၀) ကို ရေးဆွဲအတည်ပြုပြီးဖြစ်သည်။ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် လူကုန်ကူးမှုတားဆီးရေးအဖွဲ့များအား အဆိုပါ စံလုပ်ငန်းအစီအစဉ်အသုံးပြုနည်းသင်တန်းများကို ယခင်နှစ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပြီး စံလုပ်ငန်းအစီအစဉ်တွင်ပါရှိသည့် လုပ်ငန်းစဉ်များအတိုင်း လိုက်ပါဆောင်ရွက်သွားကြရမည်ဖြစ်သည်။ လူကုန်ကူးခံရသူများကို လိုအပ်သည့်ပံ့ပိုးကူညီမှုများ၊ ညွှန်ပို့ကူညီမှုများ၊ နောက်ဆက်တွဲစောင့်ရှောက်မှုများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကိုတွေ့ရှိနေရသဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရန်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထ(၅)နှစ်စီမံကိန်းကာလကို၂၀၂၂ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။ လူကုန်ကူးမှုသည် မိမိတို့လူမှုပတ်ဝန်းကျင်တွင် လုံးဝမရှိသင့်သောကိစ္စရပ်ဖြစ်သည်။ မသိနားမလည်သူများကို ငွေကြေးမြောက်မြားစွာရရှိမည့်အလုပ်အကိုင် အခွင့်အလမ်းကောင်းများရှိသည်ဟုဆိုကာ နည်းလမ်းအမျိုးမျိုးဖြင့် လိမ်လည်စည်းရုံး၍ လူကုန်ကူးမှုကို ကျူးလွန်နေကြခြင်းဖြစ်ပေရာ သက်ဆိုင်သူအားလုံးက လူကုန်ကူးမှုပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး VDP စီမံချက်ရေးဆွဲနည်းနှင့် AVIP ဖြည့်သွင်းနည်းသင်တန်းဖွင့်လှစ်

မိုင်းရူး ဩဂုတ် ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာခုနစ်ရွာမှ ကော်မတီဝင်များအား VDP စီမံချက်ရေးဆွဲနည်းနှင့် AVIP ဖြည့်သွင်းနည်းသင်တန်းကို ဩဂုတ်လ ၂၃ ရက်တွင် အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မိုင်းရူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းဦးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံက သင်တန်းတွင် လူဦးရေနှင့် အခြေခံအချက်အလက်များ ကောက်ယူခြင်း၊ သယံဇာတပြဓမြေပုံရေးဆွဲနည်း၊ ရာသီခွင်ပြပြက္ခဒိန်ရေးဆွဲနည်း၊ AVIP ပုံစံများဖြည့်သွင်းနည်းစသည့် သင်ခန်းစာများကို သင်ကြားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ငါးရက်ကြာသင်ကြားပေးမည်ဖြစ်ပြီး မိုင်းရူးမြို့နယ်အတွင်းရှိ ဝမ်မယ်ကျေးရွာ၊ လွိုင်ခမ်းကျေးရွာ၊ နမ့်ဖတ်ကျေးရွာ၊ နောင်ပူးကျေးရွာ၊ ကောင်းအိုက်ကျေးရွာ၊ ပန်ဝုက်ကျေးရွာနှင့် ပန်ခံကျေးရွာတို့မှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီဝင်များတက်ရောက်လျက်ရှိကြောင်း မိုင်းရူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ချီသန်းညွန့်(ကျေးလက်)**

ပန်းခင်းစီမံချက်အဆင့် (၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

ပေါင် ဩဂုတ် ၂၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနဦးစီးမှူးရုံးမှ ပေါင်မြို့နယ်ရှိ ဝဲပတန်ကျေးရွာ၌ ဩဂုတ်လ ၂၂ ရက် နံနက်ပိုင်းတွင် ပန်းခင်းစီမံချက်အဆင့် (၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ပေးရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန ဦးစီးမှူး ဦးသန်းဝင်းဇော်၏ ဦးဆောင်မှုဖြင့် ဝန်ထမ်းများက အသက် ၁၈ နှစ်နှင့် ၁၈ နှစ်ကြား ပြည်သူ ၄၁ ဦး၊ အသက် ၁၈ နှစ်အထက် ပြည်သူ ၂၂ ဦး စုစုပေါင်း ပြည်သူ ၆၃ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားအသစ်ပြုလုပ်ပေးသည်။

အဆိုပါ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန ဦးစီးမှူးရုံးသည် နိုင်ငံသားစိစစ်ရေးကတ်ပြားများ လူတိုင်းကိုင်ဆောင်နိုင်ရန်အတွက် မြို့နယ်အတွင်းရှိ စာသင်ကျောင်းများ၊ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်း၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လိုက်လံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၀၆)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၈-၂၀၂၄(စနေနေ့)

၁။ ၆:၀၂ နိုင်ငံတော်သီချင်း
၂။ ၇:၀၀ မေတ္တာပို့
၃။ ၇:၁၀ မမ္မပုဇောတေး
၄။ ၇:၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၅။ ၈:၀၅ အမျိုးသားရေးတေးကဗျာ
၆။ ၉:၃၀ အမှတ်တရနေ့ရက်များ
၇။ ၁၂:၁၀ မြန်မာသံစဉ်ချိုနားဝင်
၈။ ၁၆:၅၅ ရှေးဟောင်းသုတ
၉။ ၁၇:၁၀ အင်္ဂလိပ်စာသုတ
၁၀။၁၈:၃၀ ပြည်သူ့ကြားက ပြည်သူ့စကား
၁၁။၁၉:၀၀ တောင်ပိုင်းပိုးလမ်းမသစ် တရုတ်-မြန်မာအခန်းကဏ္ဍ (အပိုင်း ၁၅/၁၆)
၁၂။၂၀:၀၀ တရားတော်

မြဝတီ ခုနှစဉ် Myawady Daily

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးစံမင်းသူ နေပြည်တော်

စာတည်းအဖွဲ့ ဝဒ္ဓ-ဂုဒ္ဓဇ၈၊ ဖက်စ် ဝဒ္ဓ-ဂုဒ္ဓဇ၉၉/ဝဒ္ဓ-၃၀၂၆၂၊ ဖြန့်ချိရေး/ကြော်ငြာ ဝဒ္ဓ-ဂု၄၀၀၆၊ ဝဒ္ဓ-ဂု၄၀၀၈၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ဝဒ္ဓ-ဂု၄၀၂၁၊ ဖြန့်ချိရေး ဝ၁၈-၄၀၀၆၉၇၊ ကြော်ငြာ ဝဒ္ဓ-ဂု၄၀၂၂။ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊ ၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

မြောင်းမြမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ

မြောင်းမြ ဩဂုတ် ၂၃

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသား၊ ကျောင်းသူများ စာအုပ်စာပေ လေ့လာဖတ်ရှုနိုင်ရန်နှင့် စာပေလေ့လာဖတ်ရှုခြင်းမှရရှိသော အသိပညာ ဗဟုသုတများကို ပြန်လည်အသုံးချမှုဝေနိုင်ရန် ရည်ရွယ်၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မြောင်းမြမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့ တက်ရောက်အားပေးသည်။



ရှေးဦးစွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော် မုခ်ဦးအား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမိုးမင်းနိုင်၊ လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်မာတ်ပုံရိုက်ကူးကြကာ ပါဝင်ကူညီခဲ့သည့် ပန်းဖွားအဖွဲ့၊ ဘင်ခရာအဖွဲ့၊ တံခွန်တိုင်ကျေးရွာမှ ကရင်တိုင်းရင်းသား ရိုးရာသံစုံတီးဝိုင်းအဖွဲ့နှင့် အကအဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကြသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်း အစီအစဉ်ကို အဆိုပါကျောင်း ခန်းမ၌ ကျင်းပရာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက **“အလှဆုံးပန်းများ ပွင့်ကြပြီ”** သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးပြီး **“နိုင်ငံအကျိုးအတွက် မှန်မျှော်ရည် ခိုင်မာတိုးတက်စေရမည်”** Video Clip ကို ပြသသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲက စာမတတ်သူသည် ထိုင်နေသည့်လူနှင့် တူပြီး စာတတ်ပြီး စာမဖတ်သူမှာ ရပ်နေသည့်လူနှင့်တူကြောင်း၊ စာတတ်ပြီး စာပေလေ့လာ ဖတ်ရှုသူဖြစ်မှသာ လမ်းလျှောက်နေသည့် လူနှင့်တူသည်ဟု လမ်းညွှန်ထားသည့်အတွက် ကျောင်းသားလူငယ်များအနေဖြင့် စာလည်းတတ်၊ စာလည်းဖတ်ပြီး အသိဉာဏ်ပညာပြည့်ဝစွာ အနာဂတ်ကို လျှောက်လှမ်းနေကြရမည်ဖြစ်ကြောင်း၊ ကျောင်းသားလူငယ်များသည် နိုင်ငံတော်၏ အနာဂတ်သားကောင်းရတနာများ ဖြစ်သည့်အတွက် အရည်အသွေးပြည့်ဝစေရန် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြောင်းမြမြို့ပေါ်ရှိ အခြေခံပညာ အထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းများအတွက် DTH စလောင်း ငါးစုံနှင့် DVB T2 Set Top Box ၁၅လုံးတို့အား ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးပညာရေးမှူးက လက်ခံရယူကြသည်။

ထို့နောက် စာကြည့်တိုက် တစ်တိုက်ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း ၁၅၀ အား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းဌေးက ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူသည်။


ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက မြောင်းမြမြို့သည် နိုင်ငံတော်အတွက် ပညာရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍများကို ထိထိရောက် ရောက်ဖြင့် ပညာရှင်များ မွေးထုတ်ပေးရာ မြို့ကြီးတစ်မြို့ဖြစ်ကြောင်း၊ ယခုကဲ့သို့ စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော်ကြီးကို ကျင်းပ၍ အသိပညာ မြှင့်တင်ပေးခြင်းအားဖြင့် မြောင်းမြမြို့အား ပိုမိုတိုးတက် ပြည့်စုံအောင် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ရှင်သန်ခိုင်မာသည့် ကျေးရွာစာကြည့်တိုက် ၃၂၃ တိုက်အတွက် သုတစာအုပ် ၆၄၆၀ အား တိုင်းဒေသကြီးဝန်ကြီးချုပ်ကပေးအပ်လှူဒါန်းရာ လူမှုရေးရာဝန်ကြီးက လက်ခံရယူသည်။

ဆက်လက်၍ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှကျောင်းသား၊ ကျောင်းသူများက **“ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့”** သီချင်းဖြင့် ဖျော်ဖြေ၍ စာရေးဆရာ မောင်လှိုင်းသစ် (ချစ်စရာမြေ)က **“မြောင်းမြနလုံးသား”** ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။

ထို့နောက် မြောင်းမြမြို့ ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား၊ ကျောင်းသူများက **“ကျေးလက်သဘာဝ တိုင်းဧရာအလှ”** သီချင်းဖြင့် လည်းကောင်း၊ နိုင်ငံကျော် အဆိုတော် ဖြိုးမြတ်အောင်နှင့် ရွှေတံဆိပ်ဆုရှင်များက **“နှလုံးသားကို အလှဆင်ပါ”** သီချင်းဖြင့်လည်းကောင်း၊ တံခွန်တိုင်ကျေးရွာမှ ကရင်တိုင်းရင်းသား သံစုံတီးဝိုင်းအဖွဲ့က တေးသံသာများတီးမှုတ်၍လည်းကောင်း၊ ကရင်တိုင်းရင်းသား ရိုးရာစာပေ နှင့် ယဉ်ကျေးမှုအဖွဲ့က ကရင်ရိုးရာအကဖြင့်လည်းကောင်း၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှကျောင်းသား၊ ကျောင်းသူများက **“မြန်မာပြည်မှာ စာပဒေသာ ဝေဆာစေ”** သီချင်းဖြင့်ဖျော်ဖြေတင်ဆက်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကာ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော်အတွင်း ခင်းကျင်းပြသထားသောစာအုပ်စာစောင်များ၊ ဌာနဆိုင်ရာပြခန်းများ၊ ဓာတ်ပုံပြပွဲများ၊ ပုံပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဂိမ်းပြိုင်ပွဲများ ကျင်းပနေမှုများအား လှည့်လည်ကြည့်ရှု အားပေးခဲ့သည်။ (၅၀၀)

SINGHA–SAT TDT Prachinburi 2024 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကျော်သက်ဦး ပထမဆုကို ဆွတ်ခူးရရှိ



ရန်ကုန် ဩဂုတ် ၂၃

၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၂ ရက်မှ ၂၃ ရက်အထိ ထိုင်းနိုင်ငံ Kabinburi Sport Club ၌ကျင်းပသည့် Thailand PGA Tour ၏ပြိုင်ပွဲတစ်ခုဖြစ်သော SINGHA–SAT TDT Prachinburi 2024 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ Professional ဂေါက်သီးရိုက်ကစားသမားဖြစ်သော ကျော်သက်ဦး ချန်ပီယံဆုကို ဆွတ်ခူးရရှိခဲ့သည်။

ကျော်သက်ဦးသည် ယင်းပြိုင်ပွဲတွင် ၆၄+၆၉ ချက်ဖြင့် နှစ်ရက်ပေါင်း ၁၃၃ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကိုရရှိခဲ့ခြင်းဖြစ်သည်၊ ပြိုင်ပွဲအပြီးတွင် ကျော်သက်ဦး(မြန်မာ)က ပထမ၊ Donlaphatchal NIYOMCHON (ထိုင်း)က သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျော့ရိုက်ပြီး ဒုတိယ၊ Gorrwich YEAMSIRI(ထိုင်း)က သတ်မှတ်ရိုက်ချက်ထက် ၉ ချက်လျော့ရိုက်ပြီး တတိယဆုရရှိခဲ့သည်။ ယခုပြိုင်ပွဲတွင်ကစားသမား ၁၁၇ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ကျော်သက်ဦးသည် ချန်ပီယံဆုရရှိခဲ့သဖြင့် ဆုဖလားနှင့် အတူ ဆုကြေးအဖြစ် ထိုင်းဘတ် ၁၀၀၀၀၀ ဆွတ်ခူးရရှိသည်။

ကျော်သက်ဦးသည် All Thailand Golf Tour နှင့် Thailand PGA Tour အစရှိသော နိုင်ငံတကာပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

(၅၀၀)

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာလုပ်ငန်းကော်မတီ (၁/၂၀၂၄) အစည်းအဝေးကျင်းပ



နေပြည်တော် ဩဂုတ် ၂၃

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာလုပ်ငန်းကော်မတီအစည်းအဝေး(၁/၂၀၂၄)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်းခန်းမ၌ ကျင်းပရာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးစိုးကြည်နှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ကလေးသူငယ်များ၏ဘဝ သာယာဝပြောရေးနှင့် ကာကွယ်စောင့်ရှောက်မှု ပြီးပြည့်စုံစွာရရှိနိုင်ရေးကို ဝန်ကြီးဌာနအနေဖြင့် အရေးကြီးသောလုပ်ငန်းတစ်ရပ်အဖြစ်သတ်မှတ်၍ စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ထိရောက်သော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်လာစေရေးအတွက် မြန်မာနိုင်ငံကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒကို ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာလုပ်ငန်းကော်မတီ(၁/၂၀၂၁) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာမူဝါဒ (Child Protection Policy) ရေးဆွဲဆောင်ရွက်ထားရှိမှုအခြေအနေများကို လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးက ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာသော လုပ်ငန်းကော်မတီအဖွဲ့ဝင်များမှ ရှင်းလင်းတင်ပြချက်များအပေါ် ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြကြောင်း သိရသည်။

(၅၀၀)

မြစ်ကိုအလျှားစုန်ကူးခဲ့သည့်

ကျွန်းစဉ်မြေစောခက်

ယမန်နေ့မှအဆက်

ကျွန်တော်တို့မိသားစုဘဝမှာ ပိန်သေးသေးကိုယ်လုံးလေးနဲ့ ကြိုးပိုင်းထဲတက်ထိုးနေသလိုမျိုး ဖြစ်နေပေတော့သည်။ မြို့အရပ်ဆိုသည်ကမလွယ်၊ နိစ္စဓူဝ စျေးဖိုးက နေ့စဉ်ကုန်သည်။ အဖေသည် မိသားစုကို မြို့သို့ပြောင်းရွှေ့ခဲ့ခြင်းမှာ ကျွန်တော် ကျောင်းနေရေးအဆင်ပြေစေရေးအတွက် သားကို ချစ်စိတ်လွမ်းပြီး မိဘမေတ္တာဖြင့် ကြံကြံဖန်ဖန် ပြောင်းခဲ့ခြင်းပင်ဖြစ်သည်။ အဖေ၏အန္တိမရည်မှန်းချက်မှာ သူ့လေ့ကြီးတစ်စင်းဖြင့် ခရီးသွားနေသမျှ ဝင်ငွေရရှိမည်ဖြစ်ပြီး မိသားစုဘဝကိုလည်း အဆင်ပြေအောင်ထားနိုင်လိမ့်မည်ဟု ယတိပြတ်ယုံကြည်သည်။ သို့သော် သတိမမူ ဂူမမြင်ဆိုသလို စစ်တွေမြို့ဆတ်ရိုးကျဆိပ်ကမ်းမှာ လေ့နစ်ပြီးကတည်းက ကြွေးတင်သွားပြီး နာလန်မထူနိုင်ဖြစ်ခဲ့ရချေသည်။ ပထမအစမ်းစာမေးပွဲစစ်ခါနီး သီတင်းကျွတ်ကာလမှာတော့ အမေနှင့်ညီမလေးမျက်နှာမှာ ပိုပြီးညှိုးရော်လာခဲ့ကြသည်။ ကျွန်တော့်မှာ ကျောင်းသွားနေရသော်လည်း အမေနှင့်ညီမလေး မရှင်မပျဖြစ်နေကြသည်ကိုကြည့်ပြီး ရင်ထဲမအေးချမ်းခဲ့။

"အမေရယ် သမီးတို့ ဒီအတိုင်းဆိုရင် ထမင်းငတ်ပြီး သေကြလိမ့်မယ်"

နေ့လယ်တစ်ချက်တီး မုန့်စားဆင်းချိန် အိမ်သို့ရောက်ခိုက် အိပ်ရာပေါ်ခဏလှဲနေတုန်း အိပ်ခန်းအတွင်းက တိုးတိုးညင်းညင်းလေးထွက်ပေါ်လာသော အသံပင်ဖြစ်သည်။ ကျွန်တော့်ရင်ဘတ်ကြီး ချက်ချင်း မြင့်တက်သွားပြီး ကျွန်တော့်ညာဘက်လက်သည်လည်း ရင်ဘတ်ပေါ်ခပ်တင်းတင်းဖိကပ်ထားလိုက်မိသည်။

ညနေဘက်တွင် အိမ်ရှေ့ဝရန်တာခန်း၌ မတ်တတ်ရပ်ရင်း မြစ်ပြင်ကျယ်တွင် မီးရောင်လွဲလွဲဖြင့် ငါးဖမ်းနေကြသော ပိုက်တန်းကို အမေငေးကြည့်နေသလိုရှိသည်။ ကျွန်တော်ဝရန်တာခန်းသို့ထွက်ပြီး အမေနဲ့အတူရပ်လိုက်သည်။

"နေ့လယ်က အိပ်ခန်းထဲမှာ ညီမလေးအမေ့ကို ပြောတဲ့စကား သားကြားပြီးပြီအမေ"

"ဟုတ်တယ်သား သားအဖေကလည်းပြန်ရောက်ချိန်ကျလို့ အိမ်ပြန်မရောက်ဘူးလေ။ ရွာကပါလာတဲ့ ပိုက်ဆံတွေလည်း ကုန်သွားပြီ။ ဒါကြောင့် အမေ့နားကပ်ရယ်၊ သမီးလေးနားဆွဲလေးရယ် ရောင်းလိုက်ရတယ်ကွယ်"

အလင်းမရှိသည့်နေရာမှာ အမေ့မျက်နှာကိုမမြင်ရပေမယ့် အမေငိုနေတယ်ဆိုတာ ကျွန်တော်သိလိုက်ပါပြီ။

"သားဘာမှအားမငယ်နဲ့နော်၊ သားအဖေရောက်လာတဲ့အခါ အမေ့နားကပ်ရော သမီးလေးနားဆွဲလေးပါပြန်ဝယ်မှာပေါ့သားရယ်၊ သားပဲစာကြိုးစားနော်၊ စာမေးပွဲအောင်မှ သားဖြစ်ချင်တဲ့ကျောင်းဆရာဘဝကိုရမှာလေသားရဲ့"

အမေကား စာပေမတတ်သော်လည်း ဘဝပေးအသိတရားနဲ့ သားဖြစ်သူကျွန်တော့်ကို လိမ္မာရေးခြားရှိပြီး စာကြိုးစားလိုသောကျောင်းသားတစ်ဦးဖြစ်ရန် ကောင်းကောင်းဆုံးမတတ်နေလေပြီ။ တကယ်တော်သည့်အမေ၊ သူရဲကောင်းမကြီးအမေပေတည်း။

ခုတော့ ကျွန်တော့်အမေ မြို့ပြရင်ခွင်မှစားဝတ်နေရေးစီရင်ချက်ကြောင့် မွေးရပ်မြေသရက်တောင်သို့ ရင်ဝယ်နွမ်းလျအိမ်ပြန်ခဲ့ရလေပြီ။ အမေတို့အိမ်ပြန်စရိတ်အတွက် ကျွန်တော့်စက်ဘီးလေးကိုရောင်းပေးလိုက်သည်။ ဤစက်ဘီးကို အဖေဝယ်ခဲ့တုန်းက မည်သည့်စျေးနှင့်ဝယ်ခဲ့မှန်း ကျွန်တော်မသိ။ ခုအမေတို့အိမ်ပြန်စရိတ်အတွက် ကျွန်တော်သွားရောင်းလိုက်ချိန်တွင် ၂၅ ကျပ်တိတိရခဲ့ပါလေ၏။



အမေတို့ရွာပြန်သွားကြသည့်နေ့က ကျွန်တော့် စိတ်အစဉ်သည် လုံးဝမရှင်ပျ။ ရင်တစ်ခုလုံးဟင်းလင်းပြင်ကြီး။ ကျောက်ဖြူဆိပ်ကမ်းမှ မော်တော်ထွက်ခွာခါနီး ရီဝေသည့်မျက်ဝန်းအစုံနှင့် သားချစ်အမေ ကျွန်တော့်ကိုကြည့်နေသည့်မြင်ကွင်းသည် ကျွန်တော် တစ်သက်လုံးမေ့မရခဲ့ပါ။ "စာကြိုးစားစမ်းပါသား ရယ်လို့" မှာတမ်းခွေသည့် အမေ့မျက်ဝန်း။ အမေရွာပြန်သွားတာ သိမ်ငယ်မှုတစ်ခုတော့ အမေ့ရင်မှာရှိလိမ့်မည်။ အမေ့ရွှေရင် ဘယ်သို့ရှိလေလဲ။

"ကွမ်းရွက်ယူကြဦးမလား၊ ကွမ်းရွက်နဲ့ဆန်မှုန့်လဲတယ်"

အမေ့အသံရွှာရိုးကိုးပေါက်ပျံ့လွင့်နေသည်။ အမေသည် ထဘီကို ခြေသလုံးကြွက်သားအလယ်လောက် အထိတိုတိုဝတ်ထားသည်။ အမေခြေလှမ်းကျယ်ကျယ်လှမ်းပြီး ခပ်သွက်သွက်လျှောက်ဖို့လိုသည်ကိုး။ ခေါင်းပေါ်မှာတော့ ဆန်မှုန့်တောင်း၊ ခါးထစ်ခွင်မှာတော့ ကွမ်းရွက်တောင်း။ အမေသည် အောက်ကျွန်းစဉ်ဘက်ကရွာများသို့ လှေကြဲလိုက်ပြီး ကွမ်းရွက်သွားဝယ်သည်။ လှေကြဲမရလျှင် လှေငှားပြီး ကိုယ်တိုင်လှော်ဆင်းသည်။ အမေ့မှာ ငယ်စဉ်ကတည်းက လှေလှော်လှေခတ်တတ်နေခဲ့၍ လှေလှော်သွားရသည်မှာ အခက်အခဲမရှိ။ တစ်စပ်တင်လုံးထွင်းလှေကို အမေကိုယ်တိုင်လှော်ခတ်ပြီး စျေးဝယ်နေပြီ။ သားကို ပညာတတ်ကြီးဖြစ်စေလိုသည့်ဇောကြောင့် ဘဝကို ဒေါင်ကျကျ၊ ပြားကျကျရုန်းကန်ပြီး အမေတိုက်ပွဲဝင်တတ်နေလေပြီ။

အမေ့အလုပ်က ကွမ်းရွက်ကို ဆန်မှုန့်နှင့်လဲခြင်းပင်ဖြစ်သည်။ ကျွန်းစဉ်ရွာတိုင်းလိုလိုတွင် ဝမ်းစာဆန် (လုံးညိုဆန်)ကို ရိုင်းပတ်များဖြင့် သိုလှောင်ထားတတ်ကြပြီး လက်ဖွဲ့ဆုံ၌ ဆန်ဖွဲ့၍လည်းကောင်း၊ ဆန်မောင်းနင်းပြီး ထောင်းဖွဲ့၍လည်းကောင်း ဆန်ဖြူဖွေးဖွေးကို ရစေမှုကြောင့် အိမ်တိုင်းတွင် ဆန်မှုန့်ရှိကြသည်။ ဆန်မှုန့်မှာ စွန့်ပစ်ပစ္စည်းဖြစ်၍ အမေဤသို့ကွမ်းရွက်နှင့်လဲသည်ကို ရွာသူတို့သဘောတွေ့ကြသည်။ အမေသည် ရလာသောဆန်မှုန့်များကို သိုလှောင်ထားသည်။ ရခိုင်ရိုးမတောင်ခြေရှိ ချောင်းဖျားက ချင်းတိုင်းရင်းသားများ ဝက်စာလာဝယ်လျှင် အမေ ဆန်မှုန့်ကိုထုတ်ရောင်းတော့သည်။ အမေ့စီးပွားရေးတွက်ကိန်းက သိပ်မဆိုး။ ကွမ်းရွက်မှာ တစ်ချီမြတ်သည်၊ ဆန်မှုန့်မှာတစ်ချီမြတ်သည်။ ကုန်ပစ္စည်းတစ်ခုမှာ အမေနှစ်ချီမြတ်သည်။

"ရွာထဲလျှောက်ပြီး ကွမ်းရွက်စအော်တဲ့နေ့က ငါရှက်လိုက်တာဟယ်၊ ကွမ်းရွက်တောင်းကြီးနဲ့ လမ်းမပေါ်ရောက်နေပြီ ငါမအော်ရဲဘူး၊ အသံမထွက်ရဲဘူးသိလား၊ အချိန်တော်တော်လေးကြာအောင် အားယူပြီးမှ ပါးစပ်ထဲက ပွင့်ထွက်သွားတာလေ၊ အသံထွက်သွားတော့လည်း ခေါင်းနားပန်းကြီးပြီး မျက်နှာတွေထူပူသွားတာပဲ"

စျေးတောင်းခေါင်းရွက် စထွက်သည့်နေ့က အမေ့ခံစားချက်ကို သူ့သူငယ်ချင်းဒေါ်အေးရင်ကို ပြောပြသည့်အမေ့စကား။

"ငါဒီလို ကွမ်းရွက်ရောင်းနေတာ ငါ့သားကြီးကို ဘယ်သူမှမပြောကြနဲ့နော်"

သားကိုချစ်သည့်ဇော၊ သားကိုပညာတတ်တစ်ယောက်ဖြစ်စေလိုသည့် ဆန္ဒတွန်းအားကြောင့် အမေဇွဲသန်ခဲ့သည်။ အမေကြိုးစားလှုပ်ရှားနေရသောဘဝကို မြို့အရပ်မှာပညာရှာနေသည့် သားကြီး ကျွန်တော်သိသွားခဲ့လျှင် စိတ်ပျက်အားငယ်မှာစိုးလို့ ထင်ရဲ့လေ။

ဆက်လက်ဖော်ပြပါမည်။

ပင်းတယမြို့နယ်၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲကျင်းပ

ပင်းတယ သြဂုတ် ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်တွင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းပါ အသေးစား၊ အငယ်စား စီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေး ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲကို သြဂုတ်လ ၂၂ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဓနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်ရုံး(ပင်းတယ)ရှိလူထုအခြေပြုဗဟို ဌာနမှ၌ ကျင်းပသည်။

ရှေးဦးစွာ ဓနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂၂) ဦးရာဇာငြိမ်းချမ်းက ကျေးလက်နေပြည်သူများ လူသုံးကုန်ထုတ်လုပ်သည့် လုပ်ငန်းများကို တစ်နိုင်တစ်ပိုင်လုပ်ကိုင်ပြီး မိသားစုစီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်စေရန်နှင့် မိသားစုဝင်ငွေတိုးစေရန် အသေးစား စက်မှုလက်မှုလုပ်ငန်းများ ထွန်းကားလာခြင်းဖြင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ဓနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းမှထွက်ရှိသော ထုတ်ကုန်ပစ္စည်းများကို ဓနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂၂)ဦးရာဇာငြိမ်းချမ်းနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက သင်တန်းသား၊ သင်တန်းသူများထံ ပေးအပ်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက သင်တန်းမှထွက်ရှိသည့် လူသုံးကုန်ပစ္စည်းများကို လိုက်လံကြည့်ရှုအားပေးကြသည်။

အဆိုပါသင်တန်းကို တောင်ရှည်ကျေးရွာအုပ်စု လယ်ပြင်ကျေးရွာ၌ သင်တန်းသား၊ သင်တန်းသူ ၁၅ ဦးအား



သြဂုတ်လ ၁၆ ရက်မှ ၂၁ ရက်အထိ ကျွမ်းကျင်သင်တန်းနည်းပြများက စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။

ရဲထက်ဦး(ပင်းတယ)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် လမ်းညွှန်မှာကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆေးကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်း အားပေးစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

❍ ကျောဖုံးမှအဆက်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အများပြည်သူလုံခြုံရေးနှင့်ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ အကြမ်းဖက်မှုလုပ်ငန်းများနှင့် ဆက်စပ်လျက်ရှိသည့် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းကွင်းဆက်များအား ဖောထုတ်၍ အကြမ်းဖက်မှုလုပ်ရပ်များ လျော့နည်းပပျောက်သွားအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လမ်းပန်းဆက်သွယ်မှုများ လုံခြုံချောမွေ့ကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရာတွင် ရေရှည်အတွက် ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားနယ်မြေဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာများနှင့်ပတ်သက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ငူမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

ထိုသို့အားပေးစကားပြောကြားရာတွင် ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှုအခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

❖ အများပြည်သူလုံခြုံရေးနှင့်ဒေသအတွင်းတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားရန်လို၊ အကြမ်းဖက်မှုလုပ်ငန်းများနှင့်ဆက်စပ်လျက်ရှိသည့် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းကွင်းဆက်များအားဖော်ထုတ်၍ အကြမ်းဖက်မှုလုပ်ရပ်များလျော့နည်းပပျောက်သွားအောင် ဆောင်ရွက် . . .

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆေးရုံလိုအပ်ချက်များအား မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲများစတင်သည့်နေ့တွင် စံချိန်သစ်နှစ်ခုတင်နိုင်









နေပြည်တော် ဩဂုတ် ၂၃

၂၀၂၄ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမူထန်၊ ဒေါက်တာဘာရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပြေးခုန်ပစ်အားကစားနည်းသည် မျက်မှောက်ခေတ်ကာလအားကစားပြိုင်ပွဲကြီးများတွင် အခိုကကျသည့် အစိတ်အပိုင်းတစ်ရပ်ဖြစ်သည့်အပြင် လူသားတို့၏ စွမ်းရည်ကို ဖော်ထုတ်ပြသရာ ရှေးဦးလမ်းပြ အားကစားနည်းလည်းဖြစ်ပါကြောင်း၊ ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲ၊ အာရှအားကစားပြိုင်ပွဲ အပါအဝင် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကဲ့သို့ အားကစားပြိုင်ပွဲကြီးများတွင် ရွှေတံဆိပ် စုစုပေါင်း ၄၀ ကျော် ချီးမြှင့်လေ့ရှိသည့် အားကစားနည်းဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံအလိုက် အဆင့်ရပ်တည်မှုမြင့်မားစေရန်အတွက် ပြေးခုန်ပစ်အားကစားနည်းတွင် အောင်မြင်မှုရရှိရန် အသက်သွေးကြောပမာအရေးကြီးကြောင်း မှာကြားရင်း ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်ကြောင်း ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာဓိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးဌာန ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲများ ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် ပြည်သူအားကစားနည်းများအလိုက် ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ယနေ့ ပြေးခုန်ပစ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ အမျိုးသား/အမျိုးသမီး (မီတာ ၄၀၀၊ ၁၀၀ x ၄ လက်ဆင့်ကမ်းနှင့် တန်းမြင့်ခုန်)ပြိုင်ပွဲများ၊ အမျိုးသား (မီတာ ၁၀၀၀၀ လမ်းလျှောက်နှင့် မီတာ ၃၀၀၀) ပြိုင်ပွဲများ၊ လေ့ကျင့်ရေးကွင်း အမှတ်(၁)တွင် အမျိုးသား/ အမျိုးသမီး သံပြားဝိုင်းပစ်ပြိုင်ပွဲများ၏ လူရွေးပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ရာ (အမျိုးသား) မီတာ ၁၀၀၀၀ လမ်းလျှောက် ပြိုင်ပွဲ၌ ၂၀၀၆ ခုနှစ်တွင် ပြည့်ဖြိုးထွန်း (ရန်ကုန်တိုင်းဒေသကြီး)တင်ထားသော စံချိန် ၄၉ မိနစ် ၂၁ ဒသမ ၀၃ စက္ကန့်အား သန့်ဇင်အောင်(ရှမ်းပြည်နယ်)က ၄၈ မိနစ် ၄၈ ဒသမ ၁၄ စက္ကန့်နှင့် နိုင်လင်းထွန်း (ရှမ်းပြည်နယ်)က ၄၇ မိနစ် ၅၁ ဒသမ ၁၅ စက္ကန့်ဖြင့်လည်းကောင်း၊ (အမျိုးသမီး) သံပြားဝိုင်းပစ်ပြိုင်ပွဲတွင် နန်းအွမ်ဆိုင်ခမ်း (ရှမ်းပြည်နယ်)သည် ၂၀၁၉ ခုနှစ်တွင် မူကိုဖော(ကယားပြည်နယ်)တင်ထားသော စံချိန် ၃၅ ဒသမ ၀၈ မီတာထက်သာလွန်၍ စံချိန် ၃၆ ဒသမ ၅၅ မီတာဖြင့်လည်းကောင်း စံချိန်သစ်များ တင်နိုင်ခဲ့ကြသည်။

ဩဂုတ်လ ၂၄ ရက် နံနက် ၆ နာရီခွဲမှ စတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်းအမှတ်(၁)တို့တွင်ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲပွဲစဉ်များအဖြစ် (အမျိုးသမီး) မီတာ ၅၀၀၀ လမ်းလျှောက်ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး (ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲ၊ အလျားခုန်ပြိုင်ပွဲ၊ မီတာ ၈၀၀ ပြိုင်ပွဲ၊ မီတာ ၂၀၀ ပြိုင်ပွဲနှင့် မီတာ ၄၀၀ တန်းကျော်ပြိုင်ပွဲ)၊ (အမျိုးသမီး) မီတာ ၂၀၀၀ တားဆီးကျော်အပြေးပြိုင်ပွဲတို့ကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးများက အားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတိုးတက်စေရေး၊ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာလာစေရေးနှင့် ထူးချွန်ထက်မြက်သည့် ပြေးခုန်ပစ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာစေရေး ရည်ရွယ်ချက်များဖြင့် ဩဂုတ်လ ၂၃ ရက်မှ ၂၆ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်းအမှတ်(၁)တို့တွင် ကျင်းပပေးခြင်းဖြစ်ပြီး ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၅ သင်း စုစုပေါင်း အင်အား ၄၅၂ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ရာ အားကစားကိုစိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို (အခမဲ့)လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

(၅၀၀)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account ၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

၂၀၂၄ ခုနှစ် ပြည်ထောင်စုဝန်ကြီးဗလား အမျိုးသား အလွတ်တန်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲနှင့် သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲကျင်းပ



နေပြည်တော် ဩဂုတ် ၂၃

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် ပြည်ထောင်စုဝန်ကြီးဗလား အမျိုးသား အလွတ်တန်းဘောလုံးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း ဘောလုံးကွင်း၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးစီးဌာနများ/ တက္ကသိုလ်များ/ ကောလိပ်များမှ ပြိုင်ပွဲဝင်ဘောလုံးအသင်းများ၊ အသင်းအုပ်ချုပ်သူနည်းပြများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင် ဘောလုံးအသင်းများမှ အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက် ရွတ်ဆိုကြကာ ပြည်ထောင်စုဝန်ကြီးက ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအသင်းနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကိုကြည့်ရှုအားပေးပြီး အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများ၊ ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့တို့ကို ဂုဏ်ပြုပန်းစည်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲကို ဩဂုတ်လ ၂၃ ရက်မှ ၂၇ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး ဦးစီးဌာနများ/ တက္ကသိုလ်များ/ ကောလိပ်များမှ ပြိုင်ပွဲဝင် အသင်းခြောက်သင်း ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ဝန်ပြန်ကျေးရွာသို့ သွားရောက်၍ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်သည့် သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ယခုဘဏ္ဍာနှစ်၌ မိသားစုဝင်ငွေတိုးရေးစီမံကိန်းကို ကျေးရွာပေါင်း ၂၉ ရွာတွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ယနေ့အချိန်ထိ ကျေးရွာ ၁၃ ရွာ ဆောင်ရွက်ပြီးဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနညွှန်ကြားရေးမှူး(စီမံကိန်း) က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဝင်ငွေတိုးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်တွင် ဝင်ငွေတိုးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယခုဖွင့်လှစ်သောသင်တန်းတွင် သင်တန်းသား ၁၀ ဦးကို သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာများကို ဩဂုတ်လ ၂၃ ရက်မှ ၂၉ ရက်အထိ

မျောက်ကျောက်ရောဂါအကြောင်း သိကောင်းစရာ

''မျောက်ကျောက်ရောဂါကာကွယ်ဆေး (JYNNEOS) သည် ကျောက်ကြီးကာကွယ်ဆေးအမျိုးအစားမှ ဆင့်ပွားဖြစ်လာသည့် ကာကွယ်ဆေးဖြစ်ပြီး လေးပတ်ခြားကာ နှစ်ကြိမ်ထိုးရန်လိုအပ်သည်။ ဒုတိယဆေးထိုးပြီး နှစ်ပတ်အကြာတွင် ကာကွယ်မှုရနိုင်သည်။ အထူးသဖြင့် ရောဂါဖြစ်ပွားနိုင်ခြေရှိသူများ၊ လိင်ဆက်ဆံဖက်များသူများ၊ ရောဂါရှိသူများနှင့်ထိတွေ့ခဲ့သူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဓာတ်ခွဲခန်းဝန်ထမ်းများကို ဦးစားပေးထိုးနှံရန်လိုအပ်သည်. . .''

၂၀၂၄ ခုနှစ်အတွင်း ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် အာဖရိကတိုက်ရှိ နိုင်ငံများ၌ Mpox (မျောက်ကျောက်ရောဂါ) ကူးစက်ဖြစ်ပွားမှုအရှိန်မြင့်တက်လာပြီး ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ အရှေ့ပိုင်းတွင် ရောဂါမျိုးကွဲအသစ် (clade Ib) လျင်မြန်စွာကူးစက်လာခဲ့သည်။ နယ်စပ်ဖြတ်ကျော်နှင့် နိုင်ငံတကာကူးစက်ပျံ့နှံ့မှုများရှိနေခြင်းကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၄ ရက်တွင် မျောက်ကျောက်ရောဂါကူးစက်မှုအားနိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေအဖြစ် ကြေညာခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကူးစက်ဖြစ်ပွားနိုင်ခြေနည်းပါးသော်လည်း အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများတွင် ကူးစက်ဖြစ်ပွားမှုများရှိနေသဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ မျောက်ကျောက်ရောဂါကာကွယ်ရေးအတွက် အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ်ဝင်/ထွက်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုမှုအား နှီးနှယ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် လူနာတွေ့ရှိပါက ရောဂါကာကွယ်ထိန်းချုပ်ကုသရေးအတွက် သီးခြားလူနာဆောင်များထားရှိရန်၊ လိုအပ်သောဆေးနှင့်ဆေးပစ္စည်းများ အသင့်ပြင်ဆင်ထားရှိရန်နှင့် ပြည်သူလူထုအတွင်း ရောဂါကာကွယ်ရေးနည်းလမ်းများ ကျန်းမာရေးအသိပညာပေးခြင်းတို့အား အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

မျောက်ကျောက်ရောဂါသည် Monkey pox virus ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားသောရောဂါဖြစ်ပြီး ကျောက်ကြီး small pox ဗိုင်းရပ်စ်မိသားစုအတွင်း ပါဝင်ပါသည်။ ကလေးသူငယ်များနှင့် လူငယ်များတွင် မကြာခဏဖြစ်တတ်သော ရေကျောက် (chicken pox) နှင့်မတူပါ။ တိရစ္ဆာန်မှ ကူးစက်သောရောဂါဖြစ်ပြီး နို့တိုက်သတ္တဝါများ၊ မျောက်များ၊ ကြွက်များမှတစ်ဆင့် ကူးစက်ဖြစ်ပွားရပါသည်။ မူလက မျောက်များတွင်ဖြစ်ပွားသောရောဂါဖြစ်သောကြောင့် မျောက်ကျောက်ရောဂါဟု သတ်မှတ်ကြခြင်းဖြစ်သည်။ အမှန်အားဖြင့် မျောက်ကျောက်ဗိုင်းရပ်စ်ပိုးကို ၁၉၅၈ ခုနှစ်တွင် စတင်တွေ့ရှိခဲ့ပြီး ၁၉၇၀ ပြည့်နှစ်တွင် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ မျောက်ကျောက်ရောဂါဝေဒနာရှင်တစ်ဦးကို စတင်သတိပြုမိခဲ့ကြသည်။ ၂၀၂၂ ခုနှစ်တွင် အာဖရိကအလယ်ပိုင်းနှင့် အနောက်ပိုင်းနိုင်ငံများ၌ ရောဂါပြန့်ပွားခဲ့ပြီး ကမ္ဘာ့နိုင်ငံတချို့၌ပါ ကူးစက်ခံစားခဲ့ရသည်။ ယခု ၂၀၂၄ ခုနှစ်အထိ နိုင်ငံပေါင်း ၁၀၆ နိုင်ငံသို့ ပျံ့နှံ့ဖြစ်ပွားခဲ့ပြီး ရောဂါဖြစ်ပွားသူ တစ်သိန်းနီးပါးရှိကာ သေဆုံးသူ ၂၀၀ ကျော်ရှိခဲ့သည်။

ဗိုင်းရပ်စ်အမျိုးအစား နှစ်မျိုးရှိပြီး အာဖရိကအလယ်ပိုင်းတွင် ပျံ့နှံ့ဖြစ်ပွားနေသည့် clade I အမျိုးအစားမှာ ရောဂါဝေဒနာပြင်းထန်၍ သေဆုံးမှုနှုန်းလည်း ၁၀ ရာခိုင်နှုန်းခန့်အထိရှိသည်။ clade II အမျိုးအစားမှာ အနောက်အာဖရိကတွင် ပျံ့နှံ့ဖြစ်ပွားခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့နိုင်ငံများသို့ပါ ပျံ့နှံ့ခဲ့သည်။ ရောဂါဝေဒနာမပြင်းထန်ဘဲ ၉၉ ရာခိုင်နှုန်း သက်သာပျောက်ကင်းကြပါသည်။ မျောက်ကျောက်ရောဂါကို ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ HIV ရောဂါနှင့်ကိုယ်ခံစွမ်းအားလျော့နည်းသည့် သူများတွင် ရောဂါဝေဒနာပိုမိုပြင်းထန်စွာ ခံစားရနိုင်သည်။

မျောက်ကျောက်ရောဂါသည် ရောဂါပိုးကူးစက်ခံရသော တောရိုင်းတိရစ္ဆာန်များနှင့် တိုက်ရိုက်ထိတွေ့ခြင်း၊ ရောဂါပိုးရှိသူနှင့် လိင်ဆက်ဆံခြင်း၊ အရေပြားချင်းထိတွေ့ခြင်း၊ မျက်နှာချင်းဆိုင် အနီးကပ်အချိန်အတော်ကြာတွေ့ဆုံခြင်း၊ လူ၏အနာများ၊ အညစ်အကြေးများနှင့် တိုက်ရိုက်ထိတွေ့ခြင်း၊ ရောဂါပိုးကပ်ငြိနေသောအရာဝတ္ထုများ၊ အသုံးအဆောင်ပစ္စည်းများကို လက်ဖြင့်ကိုင်တွယ်မိရာမှ တစ်ဆင့် ရောဂါပိုးကူးစက်ခံစားရနိုင်ပါသည်။ ရောဂါပိုးစတင်ဝင်ရောက်ပြီး ၁ ရက်မှ ၂၁ ရက်အတွင်း ရောဂါလက္ခဏာများ စတင်ဖြစ်ပွားနိုင်သည်။ ရောဂါလက္ခဏာများအနေဖြင့် ဖျားရှဲ မျက်နှာ၊ လက်၊ ခြေထောက်၊ ပါးစပ်နှင့် လိင်အင်္ဂါများတွင် အနီကွက်များနှင့်အတူ အရည်ကြည်ဖုများပေါက်ခြင်း၊ ပြန်ရည်အိတ် (lymph node) များ ရောင်ရမ်းခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ အားအင်ကုန်ခန်းခြင်း စသောလက္ခဏာများ ခံစားရတတ်သည်။

ရောဂါဝေဒနာ ခံစားနေရသူများတွင် အများစုမှာ ဝေဒနာသက်သာစေသော အဖျားကျဆေး၊ အကိုက်အခဲပျောက်ဆေးများနှင့်ကုသခြင်း၊ ရေများများသောက်ခြင်းဖြင့် အပြည့်အဝပြန်လည်ကျန်းမာနိုင်သည်။ တချို့လူများတွင် ပြင်းထန်သောဝေဒနာ ခံစားရသဖြင့် ဗက်တီးရီးယား၊ ဗိုင်းရပ်စ်ပိုးသတ်ဆေးများပေး၍ကုသရသည်။ ဦးနှောက်ရောင်၊ မျက်ကြည်လွှာရောင်၊ အဆုတ်ရောင်နှင့် အရေပြားအနာများ ပိုးဝင်ခြင်းတို့ပါ ခံစားရတတ်သည့်အပြင် အမာရွတ်များကျန်ခဲ့သဖြင့် ကြည့်ရဆိုးခြင်း၊ မျက်ကြည်လွှာပျက်စီးသွားခြင်းများ တွေ့ကြုံရနိုင်သည်။ ရောဂါရှိ၊ မရှိကို ရောဂါလက္ခဏာများသာမက အရည်ကြည်များမှ PCR နည်းပညာသုံး၍ ဗိုင်းရပ်စ် DNA ကို ရှာဖွေရသည်။

ရောဂါလက္ခဏာ ခံစားနေရသူများအနေဖြင့် တခြားသူများအား မကူးစက်စေရန် အရေပြားအနာများ ကောင်းစွာမကျက်ခင်အထိ မိမိတစ်ယောက်တည်း သီးသန့်နေထိုင်ခြင်း၊ အစားအသောက်၊ အသုံးအဆောင်များ သီးသန့်သုံးစွဲခြင်း၊ ကိုယ်ခံစွမ်းအားကျနေသောသူများနှင့် ထိတွေ့မှုရှောင်ကြဉ်ခြင်း၊ အပြင်ခရီးထွက်ရန်လိုအပ်ပါက ပါးစပ်နှင့်နှာခေါင်းစည်းတပ်ဆင်ခြင်း၊ ခြေလက်များကို အဝတ်များဖြင့်ဖုံးထားရန် လက်ရှည်၊ ဘောင်းဘီရှည်ဝတ်ဆင်ခြင်း၊ နှာစေး၊ ချောင်းဆိုးခြင်းကို အကာအကွယ်မဲ့ မပြုလုပ်ခြင်း၊ လိင်ဆက်ဆံခြင်းမှ ရှောင်ကြဉ်ခြင်းတို့ လိုက်နာဆောင်ရွက်သင့်သည်။ အထူးသဖြင့် ရောဂါပိုးတွေ့ရှိရာ နိုင်ငံများမှ လွန်ခဲ့သော ၂၁ ရက်အတွင်း ပြန်လာသူများ၊ ရောဂါလက္ခဏာခံစားနေရသူများ၊ ထိုသူများနှင့် ထိတွေ့မိသူများ အနေဖြင့် နိုင်ငံတကာနှင့် ပြည်တွင်းသွားလာမှုများ ရှောင်ကြဉ်သင့်သည်။ နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပို့ကုသမှုခံယူသင့်သည်။

မျောက်ကျောက်ရောဂါခံစားရခြင်းမှ ကာကွယ်နိုင်ရန် သံသယလက္ခဏာခံစားရသူများနှင့် အနီးကပ်တွေ့ဆုံမှုကို ရှောင်ကြဉ်သင့်သည်။ လိင်ဆက်ဆံထိတွေ့ခြင်းအပါအဝင်၊ အရေပြားချင်းထိတွေ့ခြင်း၊ မျက်နှာချင်းဆိုင် အနီးကပ်တွေ့ဆုံခြင်းနှင့် ပါးစပ်မှတစ်ဆင့် အရေပြားသို့ထိတွေ့ခြင်းများကို ရှောင်ကြဉ်ရပါမည်။ အနီးကပ်ထိတွေ့မှုကို ရှောင်လွှဲ၍ မရပါက လက်အိတ်ဝတ်ဆင်ခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်း (mask) တပ်ဆင်ခြင်း၊ လက်ကို ဆပ်ပြာနှင့်ရေ သို့မဟုတ် လက်သန့်ဆေးရည်အသုံးပြု၍ စနစ်တကျ ဆေးကြောသင့်သည်။ သံသယရောဂါလက္ခဏာခံစားနေရသူ၏အသုံးအဆောင်ပစ္စည်းများကိုကိုင်တွယ်ရာတွင် လက်အိတ်ဝတ်ဆင်ခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်းတပ်ဆင်ခြင်းတို့ဖြင့် ရောဂါကူးစက်မှုမှ ကာကွယ်နိုင်မည်ဖြစ်သည်။ ထို့ပြင် ပြည်သူလူထုအနေဖြင့် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊ နှာချေ၊ ချောင်းဆိုးသည့်အခါတွင် လက်ကိုင်ပဝါ သို့မဟုတ် တံတောင်ကွေးဖြင့် လုံခြုံစွာဖုံးအုပ်ခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုဆပ်ပြာနှင့်ရေ သို့မဟုတ် ရေမလို လက်သန့်ဆေးရည် အသုံးပြု၍ စနစ်တကျဆေးကြောခြင်း၊ လက်မဆေးဘဲ ပါးစပ်၊ နှာခေါင်းနှင့် မျက်လုံးများ ကိုင်တွယ်ခြင်းမှ ရှောင်ကြဉ်ခြင်းများကို လိုက်နာဆောင်ရွက်သင့်သည်။

အသားစိမ်းများကို ကျက်အောင်ချက်စားရမည်ဖြစ်သကဲ့သို့ အရာဝတ္ထု၊ အိမ်ရာခင်း၊ မျက်နှာသုတ်ပဝါ၊ အဝတ်အစားများကို သန့်ရှင်းရေးပုံမှန်ပြုလုပ်ရမည်။ လိင်ဆက်ဆံချိန်တွင် ကွန်ဒုံးအသုံးပြုခြင်းသည် မျောက်ကျောက်ရောဂါ ကူးစက်ပြန့်ပွားမှုကို မကာကွယ်နိုင်သော်လည်း လိင်မှတစ်ဆင့် ကူးစက်သောရောဂါတချို့ကို ကာကွယ်နိုင်သည်။ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် မိမိ၏ပတ်ဝန်းကျင်သန့်ရှင်းရေး ကောင်းမွန်စေရန်လည်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ မျောက်ကျောက်ရောဂါကာကွယ်ဆေး (JYNNEOS) သည် ကျောက်ကြီးကာကွယ်ဆေးအမျိုးအစားမှ ဆင့်ပွားဖြစ်လာသည့် ကာကွယ်ဆေးဖြစ်ပြီး လေးပတ်ခြားကာ နှစ်ကြိမ်ထိုးရန်လိုအပ်သည်။ ဒုတိယဆေးထိုးပြီး နှစ်ပတ်အကြာတွင် ကာကွယ်မှုရနိုင်သည်။ အထူးသဖြင့် ရောဂါဖြစ်ပွားနိုင်ခြေရှိသူများ၊ လိင်ဆက်ဆံဖက်များသူများ၊ ရောဂါရှိသူများနှင့် ထိတွေ့ခဲ့သူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဓာတ်ခွဲခန်းဝန်ထမ်းများကို ဦးစားပေးထိုးနှံရန်လိုအပ်သည်။

မည်သူမဆို မျောက်ကျောက်ရောဂါဖြစ်ပွားနိုင်သကဲ့သို့ တခြားသူကိုလည်း ကူးစက်နိုင်သဖြင့် ကျန်းမာရေးသတိဖြင့် ကာကွယ်ရေးနည်းလမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။ ရောဂါဝေဒနာများခံစားရပါက သက်ဆိုင်ရာကျန်းမာရေးဌာနသို့ သတင်းပို့ကုသမှုခံယူပြီး တခြားသူများကို မိမိထံမှတစ်ဆင့် မကူးစက်စေရန် သတိထားဆောင်ရွက်ကြရမည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ဦးဆောင်မှုအောက်တွင် ပြည်သူလူထုတစ်ရပ်လုံးပူးပေါင်းလိုက်နာဆောင်ရွက်မှုများဖြင့် မျောက်ကျောက်ရောဂါဖြစ်ပွားမှုကို ကာကွယ်တားဆီးတိုက်ထုတ်ကြရမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ဒေါက်တာ ဥမ္မာစော

တောင်ငူမြို့နယ် ငါးဖယ်အင်းကျေးရွာအုပ်စု၌ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်လှစ်

တောင်ငူ ဩဂုတ် ၂၃

အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးပွားရေးစီမံကိန်းအရ တောင်ငူခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲကို ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ် ငါးဖယ်အင်းကျေးရွာအုပ်စု ဘုရားသုံးဆူကျောင်းတိုက်၌ ဩဂုတ်လ ၂၃ ရက်တွင် ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် တောင်ငူခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်နှင်းနန္ဒာလှိုင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး ယင်းနောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုညိုထွေး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဇာခြည်အောင်၊ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်နှင်းနန္ဒာလှိုင်တို့က သင်တန်းသို့ တက်ရောက်လာကြသည့် သင်တန်းသူများကို သင်ထောက်ကူပစ္စည်းများ ပံ့ပိုးပေးသည်။

ယင်းနောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုညိုထွေးနှင့်အဖွဲ့ဝင်များက သင်ထောက်ကူပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါသင်တန်းကို ဩဂုတ်လ ၂၃ ရက်မှ ၂၉ ရက်အထိ ခုနစ်ရက်ကြာ ဖွင့်လှစ်သင်ကြားပေးပြီး တက်ရောက်ကြသည့် သင်တန်းသူများအား သင်တန်းနည်းပြ နှစ်ဦးက စာတွေ့လက်တွေ့သင်ကြားပေးကာ ထူးချွန်သင်တန်းသူ ငါးဦးအား လုပ်ငန်းထူထောင်နိုင်ရန် ငွေကျပ် ၁၄ သိန်းနှင့်ညီမျှသည့် လုပ်ငန်းသုံးပစ္စည်းများကို သုံးစွဲခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

ချမ်းမြေ့

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်း

နေပြည်တော် ဩဂုတ် ၂၃

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်အထွေထွေရောဂါကုဆေးရုံကြီး(ခုတင် -၁၀၀၀)၌ ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး တက်ရောက်ကြည့်ရှုအားပေးသည်။



ဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ သွေးလှူရှင်ဝန်ထမ်း ၃၄ ဦးတို့က သွေးလှူဒါန်းကြရာ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ နေပြည်တော်အထွေထွေရောဂါကုဆေးရုံကြီးမှ ဒုတိယဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြပြီး ဆေးဝါး၊ ကြက်ဥ၊ အားဖြည့်အချိုရည်၊ ရေသန့်များပေးအပ်ကြသည်။

ထို့နောက် နေပြည်တော်အထွေထွေရောဂါကုဆေးရုံကြီးမှ တာဝန်ရှိသူတစ်ဦးက သွေးလှူရှင်ဝန်ထမ်း ၃၄ ဦးကို မှတ်တမ်းတင်ဂုဏ်ပြုလွှာပြန်လည်ပေးအပ်ကြောင်း သိရသည်။

(သတင်းစဉ်)

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၇၆) သင်တန်းဆင်း

နေပြည်တော် ဩဂုတ် ၂၃

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၆)၏ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ပိုင်းတွင်ရုတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်နှင့် သူရဦးဘိုနီ၊ ဥက္ကဋ္ဌရုံးညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ် သင်ကြား/ စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်က အမှာစကားပြောကြားရာတွင် ကျောင်းသားလူငယ်များကို ဗဟငါးတန်နှင့် ပြည့်ဝပြီး အသိဉာဏ်ပညာဖြင့် ပြည့်စုံသည့် ပညာတတ်လိမ္မာယဉ်ကျေးသည့် မျိုးဆက်သစ်များဖြစ်အောင် ဒုတိယမိဘသဖွယ် စိတ်မှာထားပြီး ဂရုတစိုက်သင်ကြားပျိုးထောင်စေလိုကြောင်း၊ ထို့ပြင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်မှရရှိခဲ့သည့် သင်ခန်းစာများကို လုပ်ငန်းခွင်အတွေ့အကြုံများနှင့် ပေါင်းစပ်ပြီး အနာဂတ်တွင် တာဝန်ယူမှု၊ တာဝန်ခံမှုစိတ်ဓာတ်ရှိသော၊ အမြော်အမြင်ရှိသော မျိုးဆက်သစ်များ၊ လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာစေရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးရန် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများအတူလက်တွဲ၍ ဘက်စုံပညာရေးအရှိန်ဖြင့် မြှင့်တင်သွားကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါသင်တန်းသို့ ပညာရေးဝန်ကြီးဌာနမှ အခြေခံဆရာ၊ ဆရာမ သင်တန်းသား ၇၃ ဦး၊ သင်တန်းသူ ၃၁၅ ဦး စုစုပေါင်း ၃၈၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် ဖွင့်လှစ်ခဲ့သည့် အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၀၆)သင်တန်းဆင်း

ရန်ကုန် ဩဂုတ် ၂၃

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ ဖွင့်လှစ်ခဲ့သည့် အခြေခံပညာ ဆရာ၊ ဆရာမများအထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၀၆)၏ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင် ဦးစိုးတင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစိုးတင့်က သင်တန်းဆင်းအမှာစကားပြောကြားသည်။ အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၀၆)သို့ သင်တန်းသား ၃၀ ဦး၊ သင်တန်းသူ ၃၆၂ ဦး စုစုပေါင်း ၃၉၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇူလိုင်လ ၂၂ ရက်မှဩဂုတ်လ ၂၃ ရက်အထိ ရက်သတ္တငါးပတ်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

(၅၀၀)

စာကြည့်တိုက်ဆောက်လုပ်မှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေး



ရမည်းသင်း ဩဂုတ် ၂၃

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အင်တိုင်းကျေးရွာ၌ စာကြည့်တိုက်အဆောက်အအုံသစ် တည်ဆောက်မှုအခြေအနေများကို စာကြည့်တိုက်ဆောက်လုပ်မှုကြီးကြပ်ရေးကော်မတီမှ တာဝန်ရှိသူများက ဩဂုတ်လ ၂၃ ရက် မွန်းလွဲပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ရမည်းသင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်ရွှေသိန်း၊ အဖွဲ့ဝင်ဦးဝင်းမြင့်၊ မြို့နယ်ပညာရေးမှူး ဦးမျိုးတင့်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန္တာလင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းလွင်တို့က စာကြည့်တိုက်ကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားသည်။

အဆိုပါစာကြည့်တိုက်ကို မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှု ကော်မတီမှ မတည်ငွေကျပ်သိန်း ၁၅၀ နှင့်ပြည်သူလူထု၏လုပ်အား၊ ငွေအားများဖြင့် ဇူလိုင်လ ၁၀ ရက်မှ စတင်ဆောက်လုပ်ခဲ့ရာ ၉၀ ရာခိုင်နှုန်းထိ ဆောက်လုပ်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ တင်ဆန်းဦး

ဝါတွင်းချီန်ခါ ဖူးလှည့်ပါ

❖ မဟာမုနီ...
သက်ရှိထင်ရှား၊ ပိုမကြွားဘူး
စကားအဖြစ်၊ ဗျို့မဟစ်ဘူး
ဖြစ်ရပ်မှန်စွာ၊ မြင်နိုင်ပါ၏
များစွာဗိုလ်ပုံ၊ လူမျိုးစုံတို့
ခိုလှုံရင်ပြင်၊ ပျော်တရွှင်နှင့်...
ထွက်ဝင်မစဲ၊ ကုသိုလ်စွဲနှင့်...
သဲသဲလှုပ်လှုပ်
တစ်အုပ်တစ်မ၊ ဖူးရောက်ကြသည်
ဗုဒ္ဓမြတ်စွာ၊ သည်အခါမှာ
ကြွလာစံနေ၊ ရှိလေဟန်။
သဒ္ဓါစိတ်တွေ လွန်ထက်သန်။

❖ သဒ္ဓါမှန်လျှင်...
ဓိဋ္ဌာန်ပြည့်ဝ၊ လိုပြည့်ကြဟု
ကြားရသတင်း၊ ဘယ်မငြင်းနိုင်
မြင်ကွင်းတွေက၊ သက်သေပြမို့
ဘာကဘယ်လို၊ ဖွဲ့မဆိုလည်း...
ဘာဆိုဘာမှ၊ မြင်မရလည်း...
ဗုဒ္ဓမြတ်စွာ၊ သည်အခါမှာ
ကြွလာနေဘိ၊ စံနေ၏သို့
ထင်မိလေဟန်၊ ဇွဲစိတ်သန်ကို
တုံ့ပြန်ပြောဖို့၊ မဝံ့သာ။
မြန်မာ့စိတ်ရင်း ရင်တွင်းလာ။

❖ သြော်...
ရင်မှစကား၊ မြင်နေကြားကို
မုသားမပါ။ ဆိုခဲ့ပါသည်
မဟာမုနီ၊ နှိုင်းမရှိမို့
ဗုဒ္ဓ၏ဂုဏ်၊ တန်ခိုးစုံကို
ခိုလှုံနိုင်ရေး၊ ရက်မရွေးဘဲ
မနှေးလာလို့၊ ဖူးလှည့်ပါ။
နွေးထွေးစွာဖြင့် ကြိုလျက်သာ။ ။

မြတ်ထွဏ်းနောင်

သဇင် (FM) အသံလွှင့်အစီအစဉ်

၂၄-၈-၂၀၂၄(စနေနေ့)

၁။ ၀၈:၀၀ ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့
၂။ ၀၈:၂၀ Morning Songs
၃။ ၁၁:၅၀ စိုက်မွေးသုတ
၄။ ၁၃:၀၀ Business Tips
၅။ ၁၆:၀၀ Holiday Vibes
၆။ ၂၁:၄၀ ဇာတ်လမ်းအသွင် တေးသံစဉ်

အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် သြဂုတ် ၂၃

စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်ရှင်၊ အလုပ်သမားများ၏ အခက်အခဲများနှင့် ပတ်သက်၍ အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားသုံးပွင့်ဆိုင်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင်အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual ဖြင့် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်ညွှန်ကြားရေးမှူးချုပ်များ၊ ခုံသမာဓိကောင်စီဝင်များ၊ ခုံသမာဓိအဖွဲ့ဝင်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များနှင့် စက်မှုဇုန်အသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် တည်ဆဲအလုပ်သမားဥပဒေများနှင့်အညီ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေး၊ ရေရှည်မျှော်မှန်းချက်များချမှတ်၍ တည်ငြိမ်အေးချမ်းသည့် လုပ်ငန်းခွင်များဖြစ်ပေါ်စေရေး၊ အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်များ ရရှိစေရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိရေး၊ ဘေးကင်းသည့် ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်စေရေး၊ ကျွမ်းကျင်မှုလေ့ကျင့်သင်ကြားပေးရေး၊ လူမှုအကာအကွယ်ပေးရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးစသည့် ရည်မှန်းချက် (၉)ရပ်ဖြင့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ဒေသတွင်းသာမက နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပါ စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံအနေဖြင့် လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခွင့်နှင့် ဖွဲ့စည်းခွင့်ကွန်ဗင်းရှင်း (အမှတ်-၈၇) ကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၁ ခုနှစ် အလုပ်သမားအဖွဲ့အစည်း ဥပဒေအရ အာဏာတည်ပြီးနောက် ၂၀၁၂ ခုနှစ်မှစ၍ ယနေ့အချိန်ထိ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးထားသော အခြေခံအလုပ်သမားအဖွဲ့အစည်း ၂၈၂၃ ဖွဲ့၊ အခြေခံအလုပ်ရှင်အဖွဲ့အစည်း ၂၆ ဖွဲ့၊ မြို့နယ်အလုပ်သမားအဖွဲ့အစည်း ၁၅၆ ဖွဲ့၊ မြို့နယ်အလုပ်ရှင်အဖွဲ့အစည်းတစ်ဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်အလုပ်သမားအဖွဲ့အစည်း ၂၅ ဖွဲ့၊ အလုပ်သမားအဖွဲ့ချုပ် ကိုးဖွဲ့၊ အလုပ်ရှင်အဖွဲ့ချုပ်တစ်ဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားရေးရာအဖွဲ့တစ်ဖွဲ့၊ စုစုပေါင်း ၃၀၄၂ ဖွဲ့ ဖွဲ့စည်းထားရှိကြောင်းနှင့် အလုပ်သမားအဖွဲ့အစည်းများကို လွတ်လပ်စွာ ဖွဲ့စည်းနိုင်ရေး ဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အလုပ်ရှင်၊ အလုပ်သမားများ လုပ်ငန်းခွင်ဆက်ဆံရေးတိုးတက်ကောင်းမွန်စေရေး အတွက် မည်သည့်ကိစ္စမဆို အပြုသဘောဆောင်၍ ဥပဒေနှင့်အညီ စက်ရုံအတွင်း ငြိမ်းချမ်းစွာ ညှိနှိုင်းဖြေရှင်းခြင်းဖြင့် လုပ်ငန်းခွင်ဆက်ဆံရေးတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁၉ ရက်တွင် ကျင်းပခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုများကိုရှင်းလင်းဆွေးနွေးတင်ပြခဲ့ပြီး Online ဖြင့်တက်ရောက်လာကြသော ခုံသမာဓိကောင်စီ၊ ခုံသမာဓိအဖွဲ့နှင့် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင်များ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ၊ စက်မှုဇုန်အသီးသီးမှ ကိုယ်စားလှယ်များက လတ်တလောတွေ့ကြုံနေရသည့် လုပ်ငန်းဆိုင်ရာအခက်အခဲများ၊ လိုအပ်ချက်များကို ဆွေးနွေးတင်ပြခဲ့ကြရာ ညွှန်ကြားရေးမှူးချုပ်များနှင့် အမြဲတမ်းအတွင်းဝန်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီးမှလိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးမှာကြားကာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (၅၀၀)

ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ဆီထွက်သီးနှံများနှင့် ဝါသီးနှံတိုးချဲ့စိုက်ပျိုးရေး၊ နို့စားနွားတိုးချဲ့မွေးမြူရေးဆောင်ရွက်



နေပြည်တော် သြဂုတ် ၂၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဝင်ဗိုလ်မှူးကြီးရဲမိုး၊ ဦးဇေယျာလင်း၊ ဦးမြင့်စိုး၊ ဦးမင်းဦးနှင့် ဦးဟန်သူ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ခရိုင်နှင့်မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများကို နေပြည်တော်ကောင်စီရုံး ဧမ္မူသီရိခန်းမ၌တွေ့ဆုံ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ဖြင့် ဆောင်ရွက်သည့် နွေစပါး၊ မိုးစပါးစီမံကိန်းနှင့် ဆီထွက်သီးနှံစီမံကိန်းများ၊ နေကြာသီးနှံနှင့် ဝါသီးနှံများ တိုးချဲ့စိုက်ပျိုးရေး၊ မေထုန်မဲ့သားစပ်လုပ်ငန်းများဖြင့် နို့စားနွားတိုးချဲ့မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေး ဆောင်ရွက်ရန် ကိစ္စရပ်များကိုဆွေးနွေးခဲ့ကြသည်။

ထိုသို့ဆွေးနွေးရာတွင် ဒုတိယဝန်ကြီးက ပြည်တွင်းစားသုံးဆီဖူလုံရေး မျှော်မှန်းချက် အောင်မြင်စေရန် နေကြာသီးနှံကို သီးနှံစိုက်ခြင်းထက် သီးထပ်သီးနှံအဖြစ် ထိထိရောက်ရောက် စိုက်ပျိုးလုပ်ကိုင်နိုင်ရေး၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး၌ နေကြာသီးနှံစိုက်ပျိုးခြင်းကို ၂၀၂၄-၂၀၂၅ ခုနှစ်တွင် မိုးနှင့်ဆောင်းစိုက်ကေ ၁ ဒသမ ၀၉ သန်း လျာထားဆောင်ရွက်လျက်ရှိပြီး နှစ်အလိုက်တိုးချဲ့ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊နေကြာသီးနှံစိုက်ပျိုးရာတွင်နေကြာပွင့်များ အစေ့အဆန်ပြည့်အောင်မြင်ပြီး ဆီထွက်နှုန်းကောင်းမွန်စေရန်အတွက် ဝတ်မှုန်ကူးစက်မှုကို အကျိုးပြုပေးသောပျားမွေးမြူရေးကို တောင်သူများတွဲဖက်လုပ်ကိုင်နိုင်ရေး စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ချည်မျှင်ရှည်ဝါတိုးချဲ့စိုက်ပျိုးခြင်းကို ၂၀၂၃-၂၀၂၄ ခုနှစ်မှ ၂၀၂၇-၂၀၂၈ ခုနှစ်ထိ နှစ်အလိုက်ဆောင်ရွက်သွားမည်ဖြစ်ပြီး တစ်နိုင်ငံလုံး၌ ဝါစိုက်ဧက ၇၀၀၀၀၀ စိုက်ပျိုးသွားနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ နို့စားနွားမွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းနို့နှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်မှုမြင့်မားလာစေရေးနှင့် ပြည်ပမှ နို့ထွက်ပစ္စည်းများတင်သွင်းမှုလျော့ချနိုင်ရေးအတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်အတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီး ပြည်နယ်များတွင်မေထုန်မဲ့သားစပ်လုပ်ငန်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် နွေစပါး၊ မိုးစပါးအပြင် နှံစားသီးနှံ၊ ပဲမျိုးစုံသီးနှံ၊ ဆီထွက်သီးနှံ၊ စားဖိုဆောင်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံ ဥယျာဉ်ခြံသီးနှံနှင့် ဟင်းသီးဟင်းရွက်များကို တစ်နှစ်ပတ်လုံး စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း၊ ဆီထွက်သီးနှံ နေပြည်တော်ဒုနေအနေဖြင့် တပ်ကုန်းမြို့နယ်၊ ဥတ္တရသီရိမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ဝါသီးနှံကိုလည်း နေပြည်တော်ဒုနေအနေဖြင့် စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း၊ နို့စားနွားမွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာပေးဆောင်ရွက်မှုများကိုလည်း နေပြည်တော်အဆင့် နို့စားနွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းပြီး ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးဌာနအလိုက် ညွှန်ကြားရေးမှူးချုပ်များက နွေစပါး၊ မိုးစပါး စီမံကိန်းနှင့် ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ မေထုန်မဲ့သားစပ်လုပ်ငန်းများဖြင့် နို့စားနွား တိုးချဲ့မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေး ဆောင်ရွက်ရန် ကိစ္စရပ်များနှင့် စိုက်ပျိုးရေးရရှိအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဖြည့်စွက်ဆွေးနွေးတင်ပြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ (၅၀၀)

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၈)တွင် မဟာယူနိုက်တက်အသင်းနိုင်ပွဲရရှိခဲ့ပြီး သစ္စာအားမာန်အသင်းနှင့်ဒဂုံပေါ့အသင်းတို့ သရေရလဒ်ထွက်ပေါ်



ရန်ကုန် သြဂုတ် ၂၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၈)ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ကျင်းပခဲ့ရာ မဟာယူနိုက်တက်အသင်းနိုင်ပွဲရရှိခဲ့ပြီး သစ္စာအားမာန်အသင်းနှင့် ဒဂုံပေါ့အသင်းတို့ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၈) အဖြစ် ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ YUSC အားကစားကွင်း၌ သစ္စာအားမာန်အသင်းနှင့် ဒဂုံပေါ့အသင်းတို့ကစားခဲ့ရာ အပြန်အလှန်သွင်းဂိုးများဖြင့် သုံးဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး သစ္စာအားမာန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၆၁ မိနစ်တွင် မင်းမော်ဦး၊ ပွဲချိန် ၆၉ မိနစ်တွင် နိုင်ဝင်းထွန်း၊ ပွဲချိန် ၉၃ မိနစ်တွင် မြတ်ဖုန်းခန့်တို့က သွင်းယူပေးနိုင်ခဲ့ပြီး ဒဂုံပေါ့အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂ မိနစ်တွင်ကောင်းမြတ်ကျော်၊ ပွဲချိန် ၄၂ မိနစ်တွင် မျိုးဆက်ပိုင်နှင့် ပွဲချိန် ၄၅ မိနစ်တွင် အံ့မော်ဦးတို့က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ မြဝတီအက်ဖ်စီအသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ မဟာယူနိုက်တက်အသင်းက ၁ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး မဟာယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို ပွဲချိန် ၄၅ မိနစ်တွင် ပက်ထရစ်က သွင်းယူပေးနိုင်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၈) အဖြစ် သြဂုတ်လ ၂၄ ရက်(**ယနေ့**) ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ ဒဂုံစတားအသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

စည်သူအောင်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ဂူမြို့၊ ကေတုမတီမြို့ဟောင်းမြို့ရိုးအရှေ့တောင်ထောင့်ရှိ မြို့လေးခံတပ်နေရာတွင် လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ဂူမြို့၊ ကေတုမတီမြို့ဟောင်း အရှေ့ဘက်ကျုံးနေရာရှိ ယိုးဒယားပေါက်နေရာတွင်လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ဂူဘူတာရုံ(အသစ်)တည်ဆောက်မည့်နေရာအား ကြည့်ရှုစစ်ဆေးစဉ်။

★ **စာမျက်နှာ ၁၆ မှအဆက်**

ပြန်လည်တည်ဆောက်ရေးအတွက် လာရောက်ခွဲခြင်းဖြစ်ကြောင်း၊ ကေတုမတီမြို့ရိုးသည် ပြန်လည်ဖော်ထုတ်သင့်သည့် ရှေးဟောင်းအမွေအနှစ်တစ်ခုဖြစ်ကြောင်း၊ သမိုင်းကြောင်းအရ အထောက်အထားသေချာသည့် နေရာများကို ပြန်လည်ဖော်ထုတ်သွားရန်လိုကြောင်း၊ အလားတူ မြို့ကွက်အသစ်များဖော်ထုတ်ခြင်းနှင့် ရွှေ့ပြောင်း၍ရသည့် အစိုးရရုံးဌာနဆိုင်ရာ အဆောက်အဦများကို ဦးစွာပြောင်းရွှေ့သွားရန်လိုကြောင်း၊ ကေတုမတီနန်းတော်ရာနှင့်ပတ်သက်၍ အတည်ပြု၍ရသည့်နေရာများ၊ ဘုတ်တလုတ်ကန်နေရာများကို ပြန်လည်ဖော်ထုတ်ရာတွင် ရှေးဟောင်းဥပဒေနှင့် အညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရှေးဟောင်းအမွေအနှစ်နေရာများကို ဥပဒေနှင့်အညီ ကာကွယ်ထိန်းသိမ်းဆောင်ရွက် **စာမျက်နှာ ၁၂ သို့** ★

★ **စာမျက်နှာ ၁၁ မှအဆက်**

သွားရန်လိုကြောင်း။

အဆောက်အဦများ ဆောက်လုပ်ရေးနှင့်ပတ်သက်၍ တောင်ငူမြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားရန်နှင့် စံချိန်စံညွှန်းများ ပြည့်မီစေရေးဆောင်ရွက်သွားရန်လိုကြောင်း၊ မြို့ကွက်အသစ်များဖော်ထုတ်ရာတွင်လည်း စနစ်တကျဖော်ထုတ်ရန်လိုကြောင်း၊ လူနေရပ်ကွက်များရှိအိမ်ခြံမြေများအတွင်း သစ်ပင်များစိုက်ပျိုးရန်နှင့် လမ်းဘေးဝဲယာများတွင်သစ်ပင်များစိုက်ပျိုး၍ စိမ်းလန်းစိုပြည်ရေးကိုဆောင်ရွက်ရန်လိုကြောင်း၊ လမ်းများဖောက်လုပ်ရာတွင်လည်း လူသွားပလက်ဖောင်းများကို အမှန်တကယ် အသုံးပြုနိုင်သည့် လမ်းများဖြစ်အောင်ဆောက်လုပ်ရန်လိုကြောင်း၊ မြို့ကွက် အသစ်တည်ဆောက်ရာတွင် လူနေမှုအဆင့်နှင့်လျော်ညီသည့် ဆေးရုံ၊ ကျောင်း၊ မီးသတ်အဆောက်အဦများ၊ စျေးများနှင့်ဌာနဆိုင်ရာအဆောက်အဦများကို စနစ်တကျဖြင့် တွက်ချက်ထည့်သွင်းတည်ဆောက်သွားရန်လိုကြောင်း။

ခပေါင်းဆည်မှရရှိသည့်ရေများကိုလည်း စနစ်တကျဖြင့်သုံးစွဲရန်လိုကြောင်း၊ ရေကြီးရေလျှံမှုများ မရှိစေရေးအတွက်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် တတ်နိုင်သမျှဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပဲခူး-တောင်ငူ မီးရထားလမ်းပိုင်းကိုလည်း အကြမ်းဖက် သောင်းကျန်းသူများကမကြာခဏ မိုင်းထောင်ဖောက်ခွဲခြင်းများရှိသကဲ့သို့ ပညာသင်ကြားရေးဖြစ်သည့် စာသင်ကျောင်းများကိုလည်း နောင့်ယှက်မှုများပြုလုပ်လျက်ရှိကြောင်း၊ ပညာသင်ကြားရေးနှင့်ပတ်သက်၍ ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြားနိုင်ရေးနှင့် KG+12 အောင်မြင်ပြီးသူများအနေဖြင့်လည်း တက္ကသိုလ် ကောလိပ်များသို့ ဆက်လက်တက်ရောက်နိုင်ရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ယာယီပိတ်ထားခဲ့ရသည့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင်လည်း ကျောင်းသား၊ကျောင်းသူများ အတန်းပညာအမှန်တကယ် တတ်မြောက်စေရေး အချိန်ပို သင်ကြားဆောင်ရွက်ပေးရန်လိုကြောင်း၊ အမှန်တကယ်စာတတ်အောင် သင်ကြားပေးမည်ဆိုပါက အနာဂတ်နိုင်ငံ၏ ပညာရေးမှာ များစွာတိုးတက်လာမည်ဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း ပညာရည်မြင့်မားလာစေရေး တိုင်းဒေသကြီးအစိုးရအဖွဲ့မှတာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်နေရန်လိုကြောင်း၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်နိုင်ငံတော်အနေဖြင့် တတ်နိုင်သမျှဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

စိုက်ပျိုးရေးနှင့်ပတ်သက်၍ တောင်ငူခရိုင်အတွင်းရှိ စိုက်ပျိုးမြေများကို အကျိုးရှိစွာဖြင့် အသုံးချနိုင်ရန်လိုကြောင်း၊ သီးထပ်စိုက်ပျိုးမှုများ တိုးတက်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ အနည်းဆုံး ၂ သီးမှ ၃ သီးအထိ သီးထပ်စိုက်ပျိုးသွားမည်ဆိုပါကများစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ စီးပွားရေး တိုးတက်လာပါက နိုင်ငံရေးကောင်းလာမည်ဖြစ်ပြီး ထိုမှတစ်ဆင့် နိုင်ငံ့အရေးများကောင်းမွန်လာမည်ဖြစ်ကြောင်း၊ အသားငါးနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင်ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါးများကို အဓိကစားသုံးကြသည်ကိုတွေ့ရကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် မွေးမြူဆောင်ရွက်သွားမည်ဆိုပါက အသား၊ ငါးများ ပေါများလာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတိုးတက်ပြီး ပညာရေးများကောင်းမွန်လာမည်ဆိုပါက ဒေသဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ တောင်ငူဒေသနှင့် မိတ္ထီလာဒေသသည် နေပြည်တော်နှင့်လက်လှမ်းမီသည့် နေရာများဖြစ်ပြီး မြန်မာနိုင်ငံ၏ အချက်အချာနေရာများဖြစ်သည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ငူမြို့၊ ကေတုမတီမြို့ပေါ်၊ အရှေ့ဘက်ကျုံးနေရာရှိ ယိုးဒယားပေါက်နေရာ၊ အနောက်ဘက်မြို့ရိုးနေရာရှိ မြို့ရိုးတူးဖော်ထိန်းသိမ်းထားရှိမှုနှင့် ရေကျုံးနေရာ၊ မြို့ရိုးအရှေ့တောင်ထောင့်ရှိ မြို့လေးခံတပ်နေရာနှင့် မြို့ရိုးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ငူ - ရေတာရှည်ရထားလမ်းပိုင်းတစ်လျှောက် လိုက်ပါစီးနင်း၍ ရထားလမ်းပိုင်းကြံ့ခိုင်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများ၊ တောင်ငူဒေသ၏ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

ONE Friday Night-76 ပြိုင်ပွဲတွင် မြန်မာဖိုက်တာသန့်ဇင်၊ သွေးလင်းထက်နှင့် အဲမွီ အနိုင်ရ



ရန်ကုန် ဩဂုတ် ၂၃

ONE Friday Night-76 ပြိုင်ပွဲကို ဩဂုတ်လ ၂၃ ရက် ညပိုင်းက ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ကျင်းပရာမြန်မာဖိုက်တာ သန့်ဇင်၊ သွေးလင်းထက်နှင့် အဲမွီ အနိုင်ရပြီး စစိုးသီဟနှင့် ထွန်းမင်းနိုင်(ခ)ဆူလိုင်မန် အရေးနိမ့်ခဲ့သည်။

မြန်မာဖိုက်တာများအနက် ထွန်းမင်းနိုင်(ခ)ဆူလိုင်မန်သည် ထိုင်းဖိုက်တာကော်ပိုင်နှင့် ယှဉ်ပြိုင်ထိုးသတ်ရာ ဒုတိယအချီတွင် အရေးနိမ့်ခဲ့သည်။ ကော်ပိုင်သည် ပထမအချီကတည်းက လက်ရည်အနည်းငယ်သာခဲ့ပြီး လက်သီးချက်ကြောင့် ပထမအချီပြီးခါနီးတွင် အမှတ်စဉ်ရေတွက်ခဲ့ရသည်။ ဒုတိယအချီအစ ၁၆ စက္ကန့်တွင် ညာလက်သီးကြောင့် ထွန်းမင်းနိုင်(ခ) ဆူလိုင်မန်ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ စစိုးသီဟ (မြန်မာ)နှင့် ဟီရိုင်(ဂျပန်)တို့ပွဲတွင် ဟီရိုင်က ဒုတိယအချီ ၁ မိနစ် ၂၄ စက္ကန့်တွင် အလဲထိုးအနိုင်ရခဲ့သည်။ လက်ရည်အရ ကွာခြားမှုမရှိသော်လည်း ဟီရိုင်၏ခြေကန်ချက်ကြောင့် စစိုးသီဟ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

အဲမွီ(မြန်မာ)နှင့် တာကာဇိနို(ဂျပန်)တို့ပွဲတွင် အဲမွီက ဒုတိယအချီတွင် အလဲထိုးအနိုင်ရခဲ့သည်။ လက်ရည်အရ ကွာခြားမှုမရှိသဖြင့် အပြန်အလှန်ထိုးသတ်နိုင်ခဲ့ပြီး ပထမအချီပြီးခါနီးတွင် အဲမွီ အမှတ်စဉ်တစ်ကြိမ်ရေတွက်ခံခဲ့ရသည်။ ဒုတိယအချီတွင်မူ အဲမွီက ထိချက်ပိုကောင်းလာပြီး ဒုတိယအချီ ၂ မိနစ် ၁၈ စက္ကန့်တွင် အလဲထိုးအနိုင်ရခဲ့ခြင်းဖြစ်သည်။

သွေးလင်းထက်(မြန်မာ)နှင့် ဂန်ချိုင်း(ထိုင်း)တို့ပွဲတွင် သုံးချီပြည့်သည်အထိ အရှုံးအနိုင်မပေါ်သဖြင့် အမှတ်ဖြင့်ဆုံးဖြတ်ရာ သွေးလင်းထက် အနိုင်ရခဲ့သည်။ နှစ်ဦးစလုံး မာဂုဏ်မြင့်သောကြောင့် အပြန်အလှန် ထိုးသတ်နိုင်သော်လည်း သွေးလင်းထက်၏ လက်သီးချက်များ၊ တံတောင်ရိုက်ချက်များ ထိမှန်ခဲ့သောကြောင့် အမှတ်ဖြင့်ဆုံးဖြတ်ရာတွင် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ယခုပွဲထိုးသတ်ခဲ့သည့် နှစ်ဦးစလုံး ONE Championship အမှူဆောင်အရာရှိချုပ် ချက်သရီဆစ်ယိုထောင်း ချီးမြှင့်သည့် ဘတ်သုံးသိန်းခွဲ ရရှိသည်။

Co-Main Event အဖြစ် ကျင်းပသည့် သန့်ဇင်(မြန်မာ)နှင့် TAI(ထိုင်း)တို့ပွဲတွင် ပထမအချီ ၁ မိနစ် ၁၄ စက္ကန့်မှာပင် အလဲထိုးအနိုင်ရခဲ့သည်။ သန့်ဇင်သည်ပွဲစကတည်းက ခြေကန်ချက်များ ဆက်တိုက်ကန်ရာ ပြိုင်ဘက် TAI အထိနာခဲ့ပြီး အမှတ်စဉ် နှစ်ကြိမ်ရေတွက်ခံရသည်။ ၁ မိနစ် ၁၄ စက္ကန့်တွင်မှု သန့်ဇင်က လက်သီးချက်များဆက်တိုက်ထိုးပြီး ပွဲသိမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်း-ရွှိုင်းထက်ဇော်


ဓာတ်ပုံ-ONE Championship

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၅.၄°c	/	၂၈.၂°c
ရန်ကုန်	၂၄°c	/	၃၂.၀°c
မန္တလေး	၂၆°c	/	၂၉.၃°c

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

မိုးလေဝသ သတင်း



▸▸ မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ ◂◂

နေပြည်တော် ဩဂုတ် ၂၃

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိသည်။

(မိုး/၈လ)

နိုင်ငံတော်ကာကွယ်ရေးဆိုသည်မှာ နိုင်ငံသားတိုင်းရဲ့နှလုံးသားထဲမှာ အမြဲရှိနေရမည့်အရာဖြစ်သည်

မန္တလာကိုကိုဝင်း



နိုင်ငံတော်ကာကွယ်ရေးလို့ ပြောလိုက်ရင် လူတော်တော်များများက ငါနဲ့မဆိုင်ဘူးလို့ ယူဆကြသူတွေများပါတယ်။ ဒါ့အလုပ်မဟုတ်ဘူး၊ နိုင်ငံတော်ကာကွယ်ရေးဆိုတာ စစ်သားတွေတပ်မတော်သားတွေအလုပ်လို့ပဲ မြင်ကြပါတယ်။ အဲဒီစစ်သားတွေတပ်မတော်သားတွေဆိုတာ ဘယ်ကနေ ပေါ်ပေါက်လာတဲ့သူတွေလဲ။ သူလိုငါလို အများပြည်သူတွေထဲက ပေါ်ပေါက်လာတာပါ။ တပ်မတော်သားဆိုပြီး မိုးပေါ်က ကျလာတာမဟုတ်ပါဘူး။ နိုင်ငံတော်ကာကွယ်ရေးဆိုတာ ငါနဲ့မဆိုင်ဘူးဆိုတဲ့သူတွေများလာတဲ့အခါ ကာကွယ်ရေးတာဝန် ထမ်းဆောင်ဖို့ လူတွေနည်းပါးလာတာပါပဲ။ အမှန်တကယ်တော့ နိုင်ငံတော်ကာကွယ်ရေးဆိုတာ နိုင်ငံအတွင်းမှီတင်းနေထိုင်သူအားလုံးနဲ့ သက်ဆိုင်တဲ့ကိစ္စပါပဲ။ အရွယ်ရောက်သူတွေက လက်နက်ကိုင်စစ်မှုထမ်းဆောင်ကြသလို စစ်မှုမထမ်းဆောင်နိုင်ကြသူတွေက မိမိတို့တတ်နိုင်တဲ့ဘက်ကပါဝင်ကူညီကြရမှာပါ။ အသက်အရွယ်ရလာတဲ့သူတွေအနေနဲ့ လက်နက်စွဲကိုင်စရာမလိုပေမယ့် မိမိတို့တတ်နိုင်တဲ့ဘက်က နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ပံ့ပိုးပေးကြရမှာပါ။

ဒါမှသာ ကျွန်တော်တို့အားလုံးစုပေါင်းနေထိုင်ကြတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုတာ ကမ္ဘာတည်သရွေ့ တည်တံ့နေမှာပါ။ တည်တံ့နေဖို့ရာကတော့အားလုံးမှာ တာဝန်ရှိပါတယ်။ အထူးသဖြင့် လူငယ်တွေရဲ့နှလုံးသားထဲမှာ အမြဲရှိနေရမှာပါ။ လူငယ်လို့ဆိုလိုက်တာက လူတိုင်းဟာ လူငယ်ဘဝကိုဖြတ်သန်းပြီးမှသာ လူကြီးဖြစ်လာကြသူတွေဖြစ်လို့ပါ။ လူငယ်တိုင်းက ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသားတွေကိုငါတို့ ကာကွယ်စောင့်ရှောက်ရမယ်ဆိုတဲ့အသိရှိနေဖို့လိုပါတယ်။ လူငယ်ဘဝမှာ ဒီလိုအသိစိတ်ဓာတ်မရှိရင် လူကြီးဖြစ်လာရင် ပိုမိုဆိုးရွားသွားတော့မှာဖြစ်ပါတယ်။

မြန်မာနိုင်ငံအတွင်းမှာ ဒီကနေ့အဖြစ်အပျက်တွေနဲ့ပတ်သက်လို့ တပ်မတော်ကိုဝိုင်းပြီး အပြစ်ထိုင်ပြောနေမယ့်အစား မိမိတို့ စွမ်းဆောင်နိုင်တဲ့နေရာကနေ တပ်မတော်ကို ကူညီပံ့ပိုးပေးသင့်ပါတယ်။ အပြစ်ထိုင်ပြောနေလို့ ဘာမှဖြစ်လာမှာမဟုတ်တဲ့အပြင် အကြမ်းဖက်သောင်းကျန်းသူတွေဖျက်ဆီးလို့ မြို့ပျက်ရွာပျက်တွေဖြစ်ပြီး စစ်ဘေးရှောင်အဖြစ်ချို့တဲ့စွာ၊ စိတ်ဆင်းရဲစွာနေကြရမှာဖြစ်ပါတယ်။ လေးလေးနက်နက် စဉ်းစားကြည့်လိုက်ပါ။ အကယ်၍သာ ငါ့မြို့ငါ့ရွာ မပျက်စီးဖို့အတွက် အကြမ်းဖက်အဖျက်သမား သူပုန်သောင်းကျန်းသူတွေရဲ့ သတင်းရခဲ့ရင်၊ မိမိရဲ့ပတ်ဝန်းကျင်မှာ ဘယ်သူဟာ အကြမ်းဖက်အဖျက်သမား အဖွဲ့ဝင်ဆိုတာသိနေကြရင် သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့တွေဆီ ကြိုတင်သတင်းပေးကြရမှာဖြစ်ပါတယ်။ လူတစ်ယောက်၊ လူတစ်စုကိုငဲ့ညှာပြီး မသိချင်ယောင်ဆောင်လိုက်တဲ့အခါ မိမိတို့မိသားစုတွေ ပြေးရလွှားရ ပုန်းရှောင်ရတဲ့အခြေအနေကြုံလာတာဖြစ်ပါတယ်။

အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူ သူပုန်ဆိုတာ ဘာတရားဥပဒေမှမရှိတဲ့အတွက် သတ်ချင်တဲ့သူသတ်မယ်။ ဖျက်ချင်တဲ့အိမ်ဖျက်မယ်။ မီးရှို့ချင်တဲ့ရွာတွေကို မီးရှို့မယ်။ ဘယ်သူကမှဘာမျှမပြောရဲကြဘူး။ အခုဆိုရင် သူပုန်တွေကြီးစိုးတဲ့နေရာတွေက လမ်းလျှောက်တတ်တဲ့အရွယ်ကစပြီး အသက် ၅၀ အတွင်းရှိတဲ့ယောကျ်ားလေး၊ မိန်းကလေးတွေကို အကုန်ဖမ်းပြီး သူတို့အဖွဲ့ထဲ မဝင်မနေရလုပ်ဆောင်နေတယ်။ တချို့မိဘတွေက ငိုယိုပြီးရှိခိုးတောင်းပန်နေတဲ့ဗီဒီယိုတွေ လူမှုကွန်ရက်မှာ အားလုံးမြင်တွေ့ရပြီးဖြစ်ပါတယ်။ အရွယ်မရောက်သေးတဲ့ကလေးတွေ၊ လက်နက်နဲ့လူနဲ့မမျှကိုင်ဆောင်နေတဲ့ ဗီဒီယိုဖိုင်တွေလည်း မမြင်ချင်အဆုံးပါပဲ။ ဒီကြားထဲမှာ ဗမာမလာရဆိုတဲ့ နယ်မြေကန့်သတ်ချက်တွေထုတ်ပြန်ထားပြီး ဗမာတွေကို ရိုက်နှက်ညှဉ်းပန်းနှိပ်စက်နေတာတွေဟာ အလွန်အကျည်းတန်အရုပ်ဆိုးလွန်းတဲ့ ယုတ်မာရက်စက်တဲ့ လုပ်ရပ်တွေပါပဲ။ ဒါတွေဟာ ကာကွယ်ရေးတာဝန်မှာ ငါတို့နဲ့မဆိုင်ဘူးလို့ တွေးမြင်လာတဲ့အကျိုးရလဒ်တွေလို့ပြောရင် မမှားနိုင်ပါဘူး။

ဒီကနေ့တပ်မတော်ရဲ့အခြေအနေကို လေ့လာမိသလောက်ပြောရရင် တပ်မတော်မှာ လူလက်နက်ခဲယမ်းအပြည့်အစုံရှိပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ပတ်သက်ရင် ငြိမ်းချမ်းရေးရရှိထားတဲ့ရလဒ်တွေ ပိုမိုကောင်းမွန်ဖို့အတွက် NCA သဘောတူညီချက်အတိုင်း အလေးထား လုပ်ဆောင်ပေးပါတယ်။ ငြိမ်းချမ်းရေး ဖိတ်ခေါ်ဆွေးနွေးပွဲတွေ အကြိမ်ကြိမ်လုပ်ပါတယ်။ စစ်တိုက်ဖြေရှင်းကြမယ့်အစားကွဲလွဲနေတဲ့သဘောထားတွေစားပွဲပိုင်းမှာ အဖြေရှာကြမယ်ဆိုတဲ့မူကို တပ်မတော်ကလက်ကိုင်ထားပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေး၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုတာ ပြည်သူအားလုံးလိုလားနေတဲ့ဆန္ဒအမှန်ဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း တပ်မတော်က စိတ်ရှည်သည်းခံသောမြို့ပြတွေမှာအကြောင်းမဲ့သက်သက် ပစ်ခတ်ဖျက်ဆီးလိုက်လို့ ပျက်စီးနေတာတွေအများကြီးပါပဲ။

ဖြစ်လာတော့မှ တပ်မတော်ကိုအပြစ်လာပုံမချစေချင်ပါဘူး။ တပ်မတော်လမ်းကြောင်းမှန်ကို ရွေးနေပါတယ်။



တပ်မတော်ဘက်က ၂၀၁၈ ခုနှစ်ကတည်းက တစ်ဖက်သတ်ပစ်ခတ်တိုက်ခိုက်မှုတွေမလုပ်ဘဲ နေခဲ့တာ ဒီကနေ့အထိပါပဲ။ ဒါဟာ တစ်နည်းပြောရရင် စာပေဟောပြောပွဲမှာ စာရေးဆရာချစ်ဦးညီရဲ့စကားအတိုင်းပဲနေလိုက်တာလို့တောင် ယူဆလို့ရပါတယ်။ ချစ်ဦးညီက တပ်မတော်ကသွားမတိုက်ရင် ဘယ်တိုင်းရင်းသားကမှ မတိုက်ပါဘူးတဲ့။ အဲဒီတော့ တပ်က နှစ်ပေါင်း ၅ နှစ်ကျော် ၆ နှစ်နီးပါးမတိုက်ခိုက်ပါဘူး။ ဒီကနေ့အထိလည်း မတိုက်ခိုက်ပါဘူး။ တပ်က မတိုက်ခိုက်တော့ ဒီကနေ့ဘာဖြစ်လာသလဲ။ စာဖတ်သူတို့အားလုံးမြင်တဲ့အတိုင်းပါပဲ။ တကယ့်သာသာယာယာနဲ့ နေချင်စဖွယ် သဘာဝအလှပသာဒနဲ့ ပြည့်စုံလှတဲ့ လွိုင်ကော်မြို့ကို အကြမ်းဖက်အဖျက်သမားလက်နက်ကိုင်တွေ ပစ်ခတ်တိုက်ခိုက် ဖျက်ဆီးပစ်လိုက်တာ ညက်ညက်ကြေမွသွားပါတယ်။ အလားတူ လားရှိုးမြို့အပါအဝင် အခြားအနေနဲ့ NCA ဆိုတဲ့ ငြိမ်းချမ်းရေးကို အဓိကထားနေချိန်မှာ သူပုန်တွေအမြတ်ထုတ်လိုက်တာပါပဲ။ တပ်မတော်က ပြန်လည်တိုက်စစ်ဆင်ချေမှုန်းရင် မဟုတ်မမှန်သတင်းအတု၊ သတင်းအမှားတွေနဲ့ ဘယ်နေရာမှာတော့ တပ်မတော်ကလက်နက်ကြီးတွေနဲ့ပစ်လို့ပြည်သူတွေဘယ် လို သေသွားခဲ့တယ် ဆိုတာမျိုး၊ ယာယီနေရပ်စွန့်ခွာလာသူတွေကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေ ဖမ်းဆီးညှဉ်းပန်းနှိပ်စက်နေတာမျိုး၊ အကြမ်းဖက်အားပေးတရားမဝင် ပြည်ဖျက်မီဒီယာတွေက အကြမ်းဖက်သူပုန်တွေရဲ့လုပ်ရပ်တွေကို ဖုံးကွယ်ဖို့နဲ့တပ်အပေါ်အထင်အမြင်လွဲမှားအောင် ဖြန့်ဝေနေတာတွေဟာ အချိန်နဲ့အမျှပါပဲ။ နေ့စဉ်သတင်းစာနဲ့ရုပ်မြင်သံကြားတွေမှာ ဒီလိုမျိုးသတင်းတု၊ သတင်းမှားတွေကိုဖြေရှင်းနေရတာကိုက အလုပ်တစ်ခုလိုဖြစ်နေပါတယ်။

ဒီလိုမျိုးပြည်ဖျက်မီဒီယာတွေသာမက အမေရိကန်လို အင်အားကြီးနိုင်ငံတွေ၊ ကုလသမဂ္ဂလိုနေရာမျိုးတွေမှာလည်း တာလို့မြင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ပြည်သူတွေအနေနဲ့တပ်ရဲ့အခက်အခဲတွေကိုသတိပြုမိပြီး တပ်မတော်ကို ငါတို့ဘယ်လိုပံ့ပိုးပေးနိုင်သလဲ။ ကာကွယ်ရေးတာဝန်ထမ်းဆောင်ဖို့ ငါတို့မှာလည်း တာဝန်ရှိတယ်ဆိုတဲ့စိတ်မျိုးရှိနေရပါမယ်။ အထူးသဖြင့်လူငယ်တွေပေါ့။

ရှေ့တန်းရောက် တပ်မတော်သားနဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေအတွက် စားသောက်ဖွယ်ရာပေးပို့လှူဒါန်းမှုတွေ၊ အားပေးတဲ့စာလွှာတွေ၊ ပစ္စည်းတွေကို တပျော်တပါး ထုပ်ပိုးနေမှုတွေ၊ ဝန်ကြီးဌာနတွေ၊ တိုင်းဒေသကြီးနဲ့ပြည်နယ်အစိုးရဌာနတွေ၊ ပြည်သူတွေရဲ့အားပေးမှုတွေဟာ တပ်မတော်သားတွေအတွက်၊ လုံခြုံရေးတပ်ဖွဲ့တွေအတွက် တကယ့်ကို အားတက်စေပါတယ်။ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုတဲ့အတိုင်း ပြည်သူတွေရဲ့အင်အားဟာ နိုင်ငံ့အင်အားပါပဲ။ အဲဒီလိုမျိုးတတ်နိုင်တဲ့ဘက်က ပါဝင်ကူညီနေကြသလို ကျွန်တော်တို့ **စာမျက်နှာ ၁၄ သို့ ●**

❐ ကိုဗစ်-၁၉ ရောဂါ ပြင်းပြင်းထန်ထန်ဖြစ်နေချိန်မှာ တပ်မတော်က ငွေကုန်ကြေးကျအများကြီးကျခံပြီး နေရာတွေပေးတယ်။ ထမင်းကျွေးတယ်။ ရောဂါပျောက်တဲ့အထိကုသပေးတယ်။ တပ်မတော်ကကယ်တင်ခဲ့လို့ အသက်ရှင်တဲ့သူတွေ ကိုဗစ်-၁၉ ရောဂါကာလမှာ အများကြီးရှိပါတယ်။ သဘာဝဘေးကျရောက်ရင်လည်း ဒီတပ်မတော်သားတွေပဲ ကယ်တင်နေရတာပါ။ အနီးစပ်ဆုံးဖြစ်ခဲ့တဲ့ ရခိုင်ပြည်နယ် မိုခါမုန်တိုင်းမှာလည်း ဒီတပ်မတော်သားတွေပါပဲ။

●စာမျက်နှာ ၁၃ မှအဆက်

လူငယ်လူရွယ်တွေကရော ကိုယ်တိုင်ကိုယ်ကျ နိုင်ငံတော်ကာကွယ်ရေးမှာ တက်တက်ကြွကြွပါဝင်ကြမယ်ဆိုရင် တပ်မတော်အင်အားရှိလာမယ်။ တိုင်းပြည်အင်အားရှိလာမယ်။ အဖျက်သမားသူပုန်တွေ နေရာကျဉ်းမြောင်းလာပါလိမ့်မယ်။

ဒီကနေ့ပေါ်ပေါက်လာတဲ့ ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုတာ အမှန်တကယ်တော့ ဒီမိုကရေစီစနစ်ကိုစတင်ကျင့်သုံးကတည်းက ပြဋ္ဌာန်းသင့်တဲ့ဥပဒေတစ်ခုလို့ မြင်မိပါတယ်။ နိုင်ငံအတွက်ရှိသင့်တဲ့ ဥပဒေတစ်ခုပါပဲ။ နိုင်ငံတချို့မှာတော့ ကျင့်သုံးနေတာကြာပြီဖြစ်ပါတယ်။ သူတို့နိုင်ငံတွေမှာတော့ အရွယ်ရောက်ပြီး သတ်မှတ်ချက်တွေနဲ့ ညီညွတ်ရဲ့သားနဲ့ စစ်မှုထမ်းဖို့ရောင်ခြေးနေရင် တကယ့်ကို ရှက်စရာကောင်းတဲ့အဖြစ်မို့ ဘယ်သူကမှ အားမပေးပါဘူး။ နောက်ဆုံးပိတ်ရုပ်ရှင်မင်းသားရွေးချယ်တာတောင်မှ စစ်မှုထမ်းဖို့ပျက်ကွက်ခဲ့ရင် မရွေးချယ်ပါဘူး။ သူတို့နိုင်ငံတွေမှာ တက်တက်ကြွကြွရွင်ရွင်လန်းလန်းနဲ့ စစ်မှုထမ်းရတာကို ပျော်ပွဲစားထွက်ရသလိုမျိုး ပျော်ရွှင်နေကြတာတွေ့ရတော့ ဩော်---ငါတို့မြန်မာနိုင်ငံသားတွေ၊ လူငယ်တွေမှာ ဒီလိုစိတ်မျိုးရှိစေချင်လိုက်တာလို့ တွေးမိပါတယ်။

တချို့မေးကြမှာပေါ့။ သူတို့တပ်မတော်ကိုသူတို့ချစ်ကြတာကိုးလို့။ အဲဒီလိုဆိုရင် ကျွန်တော်တို့ မြန်မာ့တပ်မတော်ကိုရော ပြည်သူတွေမချစ်ကြဘူးလား။ ချစ်တဲ့သူတွေမှအများကြီး။ သို့ပေမယ့် တပ်မတော်နဲ့ပတ်သက်တဲ့အတိတ်သမိုင်းတွေ ပြန်ပြောင်းတွေးကြည့်မယ်ဆိုရင် တပ်မတော်ပြိုကွဲအောင်၊ ပြည်သူတွေက တပ်မတော်ကိုမုန်းတီးနေအောင် ဖန်တီးသွားသူတွေရှိပါတယ်။ NLD အစိုးရလက်ထက် Debate တစ်ခုမှာ တပ်မတော်အပေါ်အကောင်းမြင်စိတ်မရှိသူတစ်ဦးက "တိုင်းရင်းသားနယ်မြေတွေမှာ စစ်တပ်က မုဒိမ်းကျင့်တယ်။ လူသတ်တယ်။ ပေါ်တာဆွဲတယ်"ဆိုတဲ့ စကားမျိုးပြောလာပါတယ်။ အဲဒီအခါမှာ အခြားတစ်ယောက်က **"ဒီမှာဒီကိစ္စတွေ တပ်ကလုပ်တယ်ဆိုတာခင်ဗျားမြင်လား၊ ခင်ဗျားမှာ သက်သေအခိုင်အလုံရှိပါသလား။ ရှိရင် ကျွန်တော်ကိုယ်တိုင်တပ်ကိုတရားစွဲပေးမယ်။ အထက်ကိုလည်းသိအောင်တိုင်ကြားပေးမယ်၊ ပြောပါ"**ဆိုတော့၊ ပထမလူက ဘာမှပြန်မပြောနိုင်ပါဘူး။

ကျွန်တော်တို့ ငယ်ငယ်ကစကားနဲ့ ပြောရရင် "ဖြောသံကြားတရားနာ" ဆိုသလို တပ်အပေါ်အကောင်းမြင်စိတ်မရှိသူဟာ ငါအပိုင်တွယ်လိုက်မယ်ဆိုတဲ့ သဘောမျိုးပြောတာဖြစ်ပေမယ့် သူ့မှာ လက်ဆုပ်လက်ကိုင်ခိုင်မာတဲ့သက်သေအထောက်အထားတစ်ခုမှ မရှိပါဘူး။ ဒီလိုမျိုးမဟုတ်တဲ့ အကြောင်းအချက်တွေတော်တော်များများနဲ့ တပ်မတော်ကို တိုက်ခိုက်နေတာ ဘယ်သူတွေလဲ။ ဘာကြောင့်သည်လိုလူတွေရဲ့စိတ်ထဲမှာ တပ်မတော်မုန်းတီးရေး ဖြစ်နေရတာလဲ။

ကျွန်တော် တွေ့မြင်သမျှတော့ တပ်မတော်က နယ်လှည့်ဆေးကုပေးတယ်။ ဆင်းရဲချို့တဲ့သူတွေကို ဆန်နဲ့ အခြားရိက္ခာတွေထောက်ပံ့ပေးတယ်။ ကိုဗစ်-၁၉ ရောဂါ ပြင်းပြင်းထန်ထန်ဖြစ်နေချိန်မှာ တပ်မတော်က ငွေကုန်ကြေးကျအများကြီးကျခံပြီး နေရာတွေပေးတယ်။ ထမင်းကျွေးတယ်။ ရောဂါပျောက်တဲ့အထိကုသပေးတယ်။ တပ်မတော်ကကယ်တင်ခဲ့လို့ အသက်ရှင်တဲ့သူတွေ ကိုဗစ်-၁၉ ရောဂါကာလမှာအများကြီးရှိပါတယ်။ သဘာဝဘေးကျရောက်ရင်လည်း ဒီတပ်မတော်သားတွေပဲ ကယ်တင်နေရတာပါ။ အနီးစပ်ဆုံးဖြစ်ခဲ့တဲ့ ရခိုင်ပြည်နယ် မိုခါမုန်တိုင်းမှာလည်း ဒီတပ်မတော်သားတွေပါပဲ။ တပ်မတော်က လေယာဉ်တွေ၊ ရေယာဉ်တွေပဲ အသုံးပြုခဲ့ကြတာပါပဲ။

ဒါဖြင့် ဘာကြောင့်တပ်မတော်ကို မုန်းတီးရေးတွေဖြစ်လာရတာလဲ။ ပြောရမယ်ဆိုရင် ပြီးခဲ့တဲ့လွတ်တော်နှစ်ရပ်မှာ (အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော်)အဲဒီတုန်းက လွှတ်တော်ကိုယ်စားလှယ်တွေဟာ တပ်မတော်နဲ့အတိုက်အခံပြုနေရတာကိုပဲသူတို့အတွက် ဂုဏ်တစ်ခုလို့မြင်နေကြတယ်။ ကိုယ်စားလှယ်တိုင်းတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ အာဏာရပါတီရဲ့ကိုယ်စားလှယ်ကများလို့ ကိုယ်စားလှယ်တွေသုံးလိုက်တာပါ။ သူတို့မှာသာ နိုင်ငံချစ်စိတ်အမှန်တကယ်ရှိရင် တပ်မတော်ဆိုတာ နိုင်ငံမှာမရှိမဖြစ်တဲ့အဖွဲ့အစည်းပါလား။ ဒီအဖွဲ့အစည်းရှိနေလို့ အချုပ်အခြာအာဏာပိုင်မြန်မာနိုင်ငံဆိုတာ ရှိနေပါလားဆိုတဲ့စိတ်ရှိသင့်ပါလျက်မရှိခဲ့ဘူး။ ဘာကြောင့်မရှိရသလဲ။

ပြည်ပစွက်ဖက်နှောင့်ယှက်မှုတွေ၊ ဖြစ်ချင်ရာဖြစ် ပြန်လည်မဖြေရှင်းဘဲနေပြီး လွှတ်တော်ကိုအတင်းခေါ်ယူဖို့ ကြိုးစားတယ်။ ဒါ့ကြောင့် ဒီကနေ့အရေးပေါ်ကာလအခြေအနေဆိုက်ရောက်ခဲ့ရတာပါပဲ။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေနဲ့ သဘောထားရိုးဖြောင့်စွာနဲ့ နေပြည်တော်မှာရောက်ရှိနေတဲ့လွှတ်တော်ကိုယ်စားလှယ်တွေကို နေရပ်ပြန်ခွင့်ပြုခဲ့တယ်။ ဆူဆူပူပူနဲ့ဆန္ဒပြတဲ့သူတွေ၊ စက်ရုံမီးရှို့သူတွေကို အနည်းဆုံးအင်အား၊ အနိမ့်ဆုံးအဆင့်နဲ့ ညင်သာစွာဖြေရှင်းခဲ့တယ်။

လမ်းမှားကို လျှောက်လှမ်းသွားတဲ့ ဝန်ထမ်းတွေ၊ ကျောင်းသားတွေအားလုံးကို ပြန်လည်ခေါ်ယူတယ်။ ပြည်သူတွေကိုလည်းပြန်လည်ခေါ်ယူတယ်။ ဒီမိုကရေစီကိုလျှောက်လှမ်းမှာဖြစ်လို့ ပါတီတွေဖွဲ့ပြီး ရွေးကောက်ပွဲဝင်ကြမယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေလည်း NCA လက်မှတ်ရေးထိုးမှုတွေ၊ အမိန့်ပေးစေခိုင်းနေတာတွေကြောင့်ပါပဲ။ ဒါ့အပြင် ပြည်ပအကြံပေး ၁၀၀ ကျော်က ဝန်ကြီးဌာနတွေကို ချုပ်ကိုင်ထားတယ်။ အစိုးရကလည်း ဒီမိုကရေစီစစ်စစ်အစိုးရလို့ ပြောနေပေမယ့် လူမှုကွန်ရက်ကို ငွေကျပ်သန်းပေါင်း ခြောက်ထောင်ကျော်အကုန်အကျခံငှားရမ်းထားတယ်။ တပ်မတော်နဲ့ ပတ်သက်တဲ့ လူမှုကွန်ရက်တွေ ပိတ်ဆို့တားဆီးတယ်။ ဖျက်ဆီးတယ်။ အဆိုးရွားဆုံးကတော့ ဗုဒ္ဓဘာသာရဟန်းတော်တွေနဲ့ အခြားဘာသာဝင်လူသားတွေကို တန်းညှိတယ်။ ဒါက ပြည်သူ့တိုင်းမြင်တွေ့နေတဲ့မြင်ကွင်းတွေပါ။

၂၀၂၀ ရွေးကောက်ပွဲမှာ NLD ပါတီရဲ့ မဲမသမာမှု ၁၁ သန်းကျော်ရှိခဲ့တာဟာ ဖြစ်ရပ်မှန်ပဲ။ သူတို့ကို ထောက်ခံနေတဲ့ မီဒီယာအချို့ကပင် မဲလိမ်မဲခိုး၊ မဲမသမာမှုရှိကြောင်း ပြောဆိုတာမျိုး လူမှုကွန်ရက်မှာတွေ့ရပါတယ်။ ဒီလိုဖြစ်လာတဲ့ကိစ္စကို အားလုံးက ညှိညှိနှိုင်းနှိုင်းတိုင်တိုင်ပင်ပင် ဖြေရှင်းလိုက်ရင်ရတဲ့ ကိစ္စဖြစ်ပေမယ့် တပ်မတော်မုန်းတီးရေးစိတ်အခံနဲ့နိုင်ငံလမ်းကြောင်းပေါ် ဆက်လျှောက်မယ်။ လက်နက်ကိုင်လမ်းစဉ်စွန့်ပြီး ပါတီထောင်ရွေးကောက်ပွဲဝင်ဖို့ အခွင့်အလမ်းတွေပေးထားပါတယ်။ အရေးပေါ်ကာလဟာ ၁ နှစ်၊ ဒါမှမဟုတ် ၂ နှစ်အတွင်းပြီးမြောက်ပြီး ရွေးကောက်ပွဲကျင်းပရမယ့်အနေအထားပါပဲ။ ဒါပေမဲ့ လွှတ်ပေးလိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ ပြည်ပထွက်ပြေးတယ်။ စင်ပြိုင်အစိုးရဆိုပြီးဖွဲ့တယ်။ ပြည်သူ့ကာကွယ်ရေးအမည်ခံပြီး ပြည်သူကို သတ်ဖြတ်နေတဲ့အဖွဲ့တွေဖွဲ့တယ်။

တောမီးလောင်တောကြောင်လက်ခံမောင်းခတ်ဆိုတဲ့အတိုင်း သစ္စာမရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့ကလည်း NUG၊ CRPH နဲ့ PDF တွေကိုအကြမ်းဖက်သင်တန်းတွေပေးပြီး နိုင်ငံပျက်စီးရေးကို ဦးတည်လုပ်ဆောင်စေခဲ့တယ်။ အမေရိကန်လို ပြည်ပနိုင်ငံအချို့ကလည်း ငွေကြေးတွေ၊ အကြမ်းဖက်နည်းပညာတွေထောက်ပံ့ကူညီပေးတယ်။ အကြမ်းဖက်အားလုံးအနေနဲ့ မြန်မာနိုင်ငံမှာ သူတို့တွေတည်ဆောက်ထားတဲ့ လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံ၊ တာဝါတိုင်၊ မီးရထားလမ်းတစ်ခုမှမရှိပေမယ့် သူတို့ဖျက်ဆီးလိုက်တဲ့ ပြည်သူပိုင်အဆောက်အအုံတွေကအများကြီးပါပဲ။ PDF တွေအကြောင်းအမျိုးမျိုးပြပြီး သတ်ဖြတ်ခံရတဲ့ ရဟန်း၊ သံဃာတွေ၊ ဆရာဝန်တွေ၊ ကျောင်းဆရာ၊ ဆရာမတွေ၊ နိုင်ငံ့ဝန်ထမ်းတွေ၊ အခြားပါတီဝင်၊ ပြည်သူတွေအရေအတွက်ဟာ အလွန်ပဲများပြားပါတယ်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်ကနေ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့အထိ နိုင်ငံတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှုတွေကြောင့် ရဟန်း/သံဃာ ၈၄ ပါး ပျံလွန်တော်မူပါတယ်။ အပြစ်မဲ့ပြည်သူ/နိုင်ငံ့ဝန်ထမ်း ၇၂၈၄ ဦးသေဆုံးခဲ့ပါတယ်။ ဖျက်ဆီးခံရတဲ့ အဆောက်အအုံ ၁၀၉၃၀ ရှိပါတယ်။ ဖျက်လို့ရတာ အကုန်ဖျက်မယ်ဆိုတဲ့ စိတ်ယုတ်မာနဲ့ ပြည်သူတွေသက်သောင့်သက်သာသွားလာနေတဲ့ မီးရထားလမ်းတွေကိုလည်း မိုင်းထောင်၊ မိုင်းခွဲဖျက်ဆီးပါတယ်။ ဩဂုတ်လ ၁၆ ရက်နေ့ သတင်းစာမှာဖတ်လိုက်ရတာ အကြမ်းဖက်သောင်းကျန်းသူတွေအနေနဲ့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလကစပြီး ယခုအချိန်အထိ ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲ/ဖျက်ဆီးခြင်း ၇၉ ကြိမ်၊ ရထားတံတား/သံလမ်းများအား မိုင်းခွဲဖျက်ဆီးခြင်း ၁၇၁ ကြိမ်၊ ဘူတာအဆောက်အအုံနဲ့ ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း ၁၆ ကြိမ်ကျူးလွန်ခဲ့ကြောင်းဖော်ပြထားပါတယ်။ ဒါတွေကိုကြည့်ခြင်းအားဖြင့် အကြမ်းဖက်အဖျက်သမားတွေ ချုပ်ငြိမ်းဖို့ဆိုတာ နိုင်ငံတော်၊ ပြည်သူနဲ့ တပ်မတော်တို့စုစည်းညီညွတ်စွာ ဖြေရှင်းသွားရမှာဖြစ်တယ်ဆိုတာ ထင်ရှားလှပါတယ်။ ဒါ့ကြောင့် ပြည်သူလူထုတစ်ရပ်လုံးက ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသားတွေကို ငါတို့ကာကွယ်ရမယ်ဆိုတဲ့အသိနဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်များနဲ့ ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် အကြမ်းဖက်အဖျက်သမားတွေ ပျောက်ကွယ်သွားမှာအမှန်ဖြစ်ပါကြောင်း ရေးသားလိုက်ပါတယ်။ ။



နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များထံ ပေးပို့ရန် စားသောက်ဖွယ်ရာများထုပ်ပိုးနေမှုကို တွေ့ရစဉ်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏အလုပ်အဖွဲ့တို့ ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာသုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးမှုပြုလုပ်



နေပြည်တော် ဩဂုတ် ၂၃

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာနခွဲသုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးသည်။

ယင်းတွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ကိုယ်စားလှယ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်ကလည်း ကောင်း၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ကိုယ်စား ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဥက္ကဋ္ဌ စောမြရာဇာလင်းကလည်းကောင်း၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ကိုယ်စား ရခိုင်ဦးဆောင်ပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်ကလည်းကောင်း နှုတ်ခွန်းဆက်စကားများပြောကြားကြသည်။

ယင်းနောက် ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က တွေ့ဆုံဆွေးနွေးပွဲဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာကိစ္စရပ်များ၊ လက်ရှိပကတိဖြစ်ပေါ်နေသည့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးရာတွင် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံတည်ငြိမ်အေးချမ်းရေးကို ဦးစားပေးဆောင်ရွက်စေလိုသည့် အခြေအနေများ၊ တိုင်းရင်းသားလက်နက်ကိုင်ဒေသများအတွင်း ရွေးကောက်ပွဲများ ကျင်းပရာ၌ လိုအပ်သည့်ပူးပေါင်းမှုများ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ မိမိတို့၏သဘောထားအမြင်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က ကျေးဇူးတင်စကားပြောကြားကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြပြီး သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သံမီးလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Friday Night Show အစီအစဉ်၏ “International Songs” ဖျော်ဖြေရေးအစီအစဉ်ကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကြည့်ရှုအားပေး





ရန်ကုန် ဩဂုတ် ၂၃

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရုရှားသံရုံးမှ ယဉ်ကျေးမှုသံမှူးနှင့်အဖွဲ့ဝင်များသည်ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စတူဒီယို (A)၌ကျင်းပသည့် Friday Night Show အစီအစဉ်တွင် MRTV Orchestra တီးဝိုင်း၏ “International Songs” ဖျော်ဖြေရေးအစီအစဉ်ကို ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ ယဉ်ကျေးမှုသံမှူး Ms. Anastasia Solovieva နှင့်အဖွဲ့အား ရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ တေးသံရှင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဖျော်ဖြေရေးအစီအစဉ်တွင် မြန်မာ၊ ရုရှား၊ အိန္ဒိယ၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ အင်္ဂလန်နိုင်ငံတို့မှ တေးသီချင်းများဖြင့် တေးသံရှင် ထက်လေးရွှေဘို၊ မြင့်မြတ်ကျော်၊ မင်းမြတ်သော်၊ လဝန်းမေ၊ မို့မို့ကျော်လွင်၊ ထွန်းပပအောင်၊ မြင့်မိုရ်သွန်းခ၊ စိမ့်နေခြည်နှင့် John Skid တို့က မြူးကြွသော သီဆို့မှုတို့နှင့်အတူ ဖူးပွင့်ရွှေရည်လှိုင်၊ သဉ္ဇာမွန်၊ ယွန်းဝတီအောင်နှင့် ချောစုတို့က တေးသရုပ်ဆောင်တို့၏ ဖျော်ဖြေမှုတို့ဖြင့် တင်ဆက်ခဲ့ကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ ယဉ်ကျေးမှုသံမှူး Ms. Anastasia Solovieva နှင့်အဖွဲ့က ဖျော်ဖြေရေးအစီအစဉ်တွင် သီဆို၊ တီးမှုတ်ဖျော်ဖြေခဲ့ကြသည့် MRTV Orchestra တီးဝိုင်းနှင့် တေးသံရှင်တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ ယဉ်ကျေးမှုသံမှူး Ms. Anastasia Solovieva နှင့်အဖွဲ့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည့် MRTV Orchestra တီးဝိုင်းနှင့် တေးသံရှင်တို့အား လိုက်လံနှုတ်ဆက်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အများပြည်သူ ပြုံးပျော်ရွှင်စေရန်နှင့် နှလုံးစိတ်ဝမ်းအေးချမ်းစေရန် Friday Night Show အစီအစဉ်များကို အပတ်စဉ်သောကြာနေ့ ည ၉ နာရီတွင် မြန်မာသံစဉ်၊ ခေတ်ပေါ် တေးသီချင်း၊ နိုင်ငံတကာတေးသီချင်းနှင့် အာဆီယံနိုင်ငံများမှ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ပေးလျက်ရှိရာ ယနေ့ညတွင် Friday Night Show အစီအစဉ်၏ “International Songs” ဖျော်ဖြေရေးအစီအစဉ်အား လာရောက်ကြည့်ရှုကြသည့် ပရိသတ်များကလည်း တစ်ခဲနက် အားပေးခဲ့ကြကြောင်း သိရသည်။

(၅၀၀)

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ် (မကွေး)တို့ပူးပေါင်း၍ “လူငယ်နှင့် ကျင့်ဝတ်စံနှုန်းများ” လူငယ်စကားဝိုင်းကျင်းပ

နေပြည်တော် ဩဂုတ် ၂၃

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ် (မကွေး)တို့ပူးပေါင်း၍ ကျင်းပသည့် “လူငယ်နှင့် ကျင့်ဝတ်စံနှုန်းများ” လူငယ်စကားဝိုင်းကို ယနေ့နံနက် ၉ နာရီခွဲတွင် နည်းပညာတက္ကသိုလ် (မကွေး) အစည်းအဝေးခန်းမ၌ ကျင်းပရာအခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင်နှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နည်းပညာတက္ကသိုလ် (မကွေး)မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာတင်ဆန်းနှင့် တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူ ၇၀၀ ဦးတက်ရောက်ကြသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ကော်မရှင်အဖွဲ့ဝင်ဦးအောင်မြင့်လွင်တို့က အမှာစကားများပြောကြားသည်။

ဆက်လက်၍ “လူငယ်နှင့် ကျင့်ဝတ်စံနှုန်းများ” ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပခဲ့ပြီး နည်းပညာတက္ကသိုလ်(မကွေး)မှကျောင်းသား၊ကျောင်းသူများက ၎င်းတို့သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ဆွေးနွေးသူများအဖြစ် ပါဝင်ဆောင်ရွက်ကြသည့် ကျောင်းသား၊ ကျောင်းသူများက ရင်းနှီးပွင့်လင်းစွာပြန်လည်ဖြေကြားခဲ့သည်။


ဆက်လက်၍ နည်းပညာတက္ကသိုလ်(မကွေး)မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာတင်ဆန်းက ကျေးဇူးတင်စကားပြောကြားပြီး အပြန်အလှန်အမှတ်တရလက်ဆောင်များပေးအပ်ခဲ့ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးပြီး အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(၅၀၀)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ငူမြို့ နယ်မြေခံလေတပ်စခန်းဌာနချုပ်အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက တောင်ငူမြို့ရှောင်ရထားလမ်း တည်ဆောက်ရန်လျာထားဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

★ **ရှေ့ဖုံးမှအဆက်**


ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ငူမြို့ရှိ နယ်မြေခံလေတပ်စခန်းဌာနချုပ်သို့ရောက်ရှိကြရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် တောင်ငူမြို့၊ နယ်မြေခံလေတပ်စခန်းဌာနချုပ် အစည်းအဝေးခန်းမ၌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲဇံက တောင်ငူကေတုမတီမြို့ဟောင်းဆိုင်ရာ အချက်အလက်များနှင့် သမိုင်းအထောက်အထားများ၊ မြို့ဟောင်းမြို့ရိုးနှင့်ကျုံးတို့၏ တည်ရှိမှုအခြေအနေများ၊ ကေတုမတီနန်းတော်နေရာအား ကွင်းဆင်းလျာထားဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မြို့လေးခံတပ်ဆိုင်ရာ အချက်အလက်များ၊ မြို့ရိုးနှင့်ကျုံးကို တူးဖော်သုတေသနပြု ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ကောင်စီဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က တောင်ငူအကျဉ်းထောင်သစ်ဆောက်လုပ်ရန် လျာထားဆောင်ရွက်လျက်ရှိမှုအခြေအနေများကိုလည်းကောင်း၊ ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက တောင်ငူမြို့ရှောင်ရထားလမ်း တည်ဆောက်ရန် လျာထားဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပဲခူး - တောင်ငူ မီးရထားလမ်းပိုင်းတွင် အကြမ်းဖက်သမားများမှ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုများနှင့် သွားလာဆက်သွယ်မှုများ ပြတ်တောက်မှုမရှိစေရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က တောင်ငူမြို့ကွက်အသစ်ဖော်ထုတ်ရေးလျာထားဆောင်ရွက်လျက်ရှိမှုအခြေအနေများကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တောင်ငူခရိုင် ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြို့ရိုးနှင့်ပတ်သက်၍ တူးဖော်သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျွမ်းကျင်သူများဖြင့် စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ မြို့ရိုးများ၊ မြို့ရိုးဝင်ပေါက်များနှင့် တံတားများကို ပြန်လည်ပြုပြင်ထိန်းသိမ်းတည်ဆောက်မှုများပြုလုပ်ရာတွင် ဖြစ်နိုင်ဖွယ်ရာအချက်အလက်များနှင့်အညီ ဆောင်ရွက်သွားရန်လိုကြောင်း၊ ကျုံးနှင့်တံတားများကို ဦးစားပေးအနေဖြင့် ဆောင်ရွက်ပြီး ထိုမှတစ်ဆင့် မြို့ရိုးများ၊ နန်းတော်ရာနေရာများကို တစ်ဆင့်ပြီးတစ်ဆင့် ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ပြောင်းရွှေ့ရန်လိုအပ်သည့် ဝန်ကြီးဌာနအဆောက်အဦများကို ပြောင်းရွှေ့သွားရန်လိုကြောင်း၊ သတ်မှတ်ထားသည့် ယဉ်ကျေးမှုအမွေအနှစ်နေရာများကို ဥပဒေနှင့်အညီ စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ အကျဉ်းထောင်အသစ် တည်ဆောက်မှုနှင့်ပတ်သက်၍ လုံခြုံရေးအရ စနစ်တကျတွက်ချက်၍ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်သွားရန်လိုကြောင်း၊ ရထားလမ်းနှင့် ဘူတာရုံအသစ်တည်ဆောက်ရာတွင်လည်း အစကောင်းမှအနောင်းသေချာဆိုသည့်အတိုင်း ရေရှည်တည်တံ့ကောင်းမွန်စေရေး သတ်မှတ်စံချိန်စံညွှန်းများအတိုင်း လုပ်ငန်းစဉ်အဆင့်အလိုက် အရည်အသွေးပြည့်မီအောင် တည်ဆောက်သွားရန်လိုကြောင်း၊ မြို့ကွက်အသစ်များ ဖော်ထုတ်ဆောင်ရွက်ရာတွင်လည်း လမ်းဘေးဝဲယာ၌ သစ်ပင်များစိုက်ပျိုးနိုင်သည့် Green Area များကိုပါ ကြိုတင်လျာထားဆောင်ရွက်သွားရန်လိုကြောင်း၊ တောင်ငူဒေသအတွင်း၌ သီးနှံများစိုက်ပျိုးရာတွင် သီးထပ်များစိုက်ပျိုးနိုင်ပါက ဒေသအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ လယ်မြေများအား သီးထပ်စွမ်းအား ၂၀၀ ရာခိုင်နှုန်းရရှိအောင် ဆောင်ရွက်စေလိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်းစသည့်နည်းလမ်း(၄)သွယ်နှင့်အညီ စိုက်ပျိုးဆောင်ရွက်သွားမည်ဆိုပါက တစ်ဧကချင်းအထွက်နှုန်းများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ဒေသအတွက် စားရေးကို အထောက်အကူပြုစေရေး ဥစားကြက်နှင့် အသားစားကြက်များကို မွေးမြူသက့ဲသို့ ဒေသကြက်များ၊ ဒေသနွားများ၊ ဒေသဝက်များကိုလည်း စနစ်တကျ အစာကျွေးမွေး၍ ဆောင်ရွက်သွားနိုင်ကြောင်း၊ နို့စားနွားများကိုလည်း တိုးချဲ့မွေးမြူသွားရန်လိုကြောင်း ဖြင့် ဖြည့်စွက်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အဓိကအားဖြင့် တောင်ငူမြို့ရိုးနှင့် ကေတုမတီနန်းတော်ရာ **စာမျက်နှာ ၁၁ သို့** ★





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါ်နုမြဲဇံက တောင်ငူကေတုမတီမြို့ဟောင်းဆိုင်ရာအချက်အလက်များ၊ သမိုင်းအထောက်အထားများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

❖ မြို့ရိုးနှင့်ပတ်သက်၍ တူးဖော်သုတေသနပြုလုပ်ငန်းများဆောင်ရွက်ရာတွင် ကျွမ်းကျင်သူများဖြင့် စနစ်တကျဆောင်ရွက်၊ မြို့ရိုးများ၊ မြို့ရိုးဝင်ပေါက်များနှင့်တံတားများကို ပြန်လည်ပြုပြင်ထိန်းသိမ်းတည်ဆောက်မှုများပြုလုပ်ရာတွင် ဖြစ်နိုင်ဖွယ်ရာအချက်အလက်များနှင့်အညီ ဆောင်ရွက်သွားရန်လို၊ ကျုံးနှင့်တံတားများကို ဦးစားပေးအနေဖြင့်ဆောင်ရွက်ပြီး ထိုမှတစ်ဆင့် မြို့ရိုးများ၊ နန်းတော်ရာနေရာများကို တစ်ဆင့်ပြီးတစ်ဆင့်ထိန်းသိမ်းဆောင်ရွက် . . .

❖ မြို့ကွက်အသစ်များ ဖော်ထုတ်ဆောင်ရွက်ရာတွင်လည်း လမ်းဘေးဝဲယာ၌ သစ်ပင်များစိုက်ပျိုးနိုင်သည့် Green Area များကိုပါ ကြိုတင်လျာထားဆောင်ရွက်၊ တောင်ငူဒေသအတွင်း၌ သီးနှံများစိုက်ပျိုးရာတွင် သီးထပ်များစိုက်ပျိုးနိုင်ပါက ဒေသအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်၊ လယ်မြေများအား သီးထပ်စွမ်းအား ၂၀၀ ရာခိုင်နှုန်းရရှိအောင် ဆောင်ရွက်စေလို . . .

❖ ကေတုမတီနန်းတော်ရာနှင့်ပတ်သက်၍ အတည်ပြု၍ရသည့်နေရာများ၊ ဘုတ်တလုတ်ကန်နေရာများကိုပြန်လည်ဖော်ထုတ်ရာတွင် ရှေးဟောင်းဥပဒေနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်၊ ရှေးဟောင်းအမွေအနှစ်နေရာများကို ဥပဒေနှင့်အညီ ကာကွယ်ထိန်းသိမ်းဆောင်ရွက်သွားရန်လို . . .

❖ အကြောင်းအမျိုးမျိုးကြောင့် ယာယီပိတ်ထားခဲ့ရသည့်စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင်လည်း ကျောင်းသား၊ ကျောင်းသူများအတန်းပညာအမှန်တကယ်တတ်မြောက်စေရေး အချိန်ပိုသင်ကြားဆောင်ရွက်ပေးရန်လို၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်အနေဖြင့် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ . . .





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တောင်ငူခရိုင် ဒေသဆိုင်ရာအချက်အလက်များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects repair and maintenance of ancient cultural heritage in Kaytumadi ancient town, Taungoo





Senior General Min Aung Hlaing inspects the lake.

NAY PYI TAW August 23

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by SAC Joint Secretary General Ye Win Oo, SAC members General Mya Tun Oo, General Maung Maung Aye, and Lt-Gen Yar Pyae, union ministers U Min Naung and U Myo Thant, and senior military officers from the Office of the Commander-in-Chief, inspected repair and maintenance of ancient cultural heritage in Kaytumadi ancient town, Taungoo this morning.

On arrival at the local airbase headquarters in Taungoo, the Senior General and party were welcomed by Bago Region Chief Minister U Myo Swe Win, Southern Command Commander Maj-Gen Kyi Thaik and officials.

At the meeting hall of the airbase, Deputy Minister for Religious Affairs and Culture Daw Nu Mya Zan reported on points and historical records of ancient Kaytumadi, location of the wall and moat, field trip reports on Kaytumadi palace site, points of the forts, excavation and research of the wall and moat, SAC member Union Minister for Home Affairs

See Page - 19 ●●



Senior General Min Aung Hlaing views the map of the ancient Yodaya Gate.





Senior General Min Aung Hlaing hears a briefing by the Union Minister for Construction.





Senior General Min Aung Hlaing hears a briefing by the Union Minister for Home Affairs.

●● From Page - 18

Lt-Gen Yar Pyae on new Taungoo prison project, SAC member Deputy Prime Minister Union Minister for Transport and Communications General Mya Tun Oo on Taungoo detour railroad project, destruction of the sections of Bago-Taungoo railroad by terrorists and repair of the damage sections to ensure uninterrupted transportation, Union Minister for Construction U Myo Thant on new ward establishment project in Taungoo, and the Bago Region chief minister U Myo Swe Win on points of Taungoo District and regional development undertakings.

The Senior General emphasized that excavation and research on the city's walls should be conducted systematically by experts. He stated that the restoration and preservation of city walls, gates, and bridges should be carried out in accordance with available information, prioritizing the renovation of moats and bridges. Subsequently, the city walls and royal palace sites should be maintained and restored step by step. Government buildings that need to be relocated should be moved, and designated cultural heritage sites should be preserved in accordance with the law. Regarding the construction of a new prison, he mentioned that it should be built systematically, adhering to security measures and standard guidelines. Similarly, the construction of new railway tracks and stations should be done with long-term durability in mind, ensuring quality at each stage according to the set standards. When developing new townships, green areas should be pre-planned along the roadsides to allow for tree planting. In the Taungoo region, he suggested that cultivating additional crops could bring more benefits to the area, aiming to increase agricultural output by 200 percent. Agricultural activities should follow the four principles: seeds, soil, water, and methods, to improve per-acre yields. To support food security, he mentioned the importance of rearing layer chickens and broiler chickens, as well as feeding and raising native chickens, cattle, and pigs systematically. Additionally, dairy farming should be expanded.



Senior General Min Aung Hlaing gives guidance on the excavation of the old city of Kaytumadi.

Following this, the Senior General reiterated that the visit was primarily to oversee the restoration of the Taungoo city walls and the Kaytumati Palace. He emphasized that the Kaytumati city walls are an important historical heritage site that needs to be excavated. Historically significant areas should be uncovered and preserved, while new townships are developed, and government offices are relocated. Regarding the Kaytumati Palace, the confirmed locations, including the moat areas, should be excavated and preserved in accordance with the Archaeological Law. The protection and preservation of cultural heritage sites must also adhere to legal requirements.

Regarding the construction of buildings, it is necessary to carry out the development of Taungoo City in a manner that ensures compliance with the required standards. The development of new townships should also be conducted systematically. In residential areas, trees should be planted within the compounds, and green avenues should be created by planting trees along the roadsides. When constructing roads, sidewalks should be built to be genuinely usable for pedestrians. In developing new townships, hospitals, schools, fire stations, markets, and government offices that align with the standard of living should be systematically planned and constructed.

It is necessary to utilize water supplied from Khapaung Dam systematically and to be prepared for floods. In connection with education, the government has been fulfilling the needs as much as possible. The Bago-Taungoo railroad section is often blasted with mines and schools for education are destroyed by terrorists. In connection with education, it is necessary to take measures to enable all school-aged children to go to school and all those who have passed KG +12 to go to university. When schools, which were temporarily closed due to various reasons, are reopened, extra classes must be opened. If students are taught so that they actually get education, the education of the future country will improve. It is necessary for responsible officials to take measures to improve the education qualities in Bago Region. The government has been exerting efforts as much as possible to improve education.

In connection with agriculture, agricultural land in Taungoo District must be utilize beneficially and it is necessary to cultivate crops multiple times. If double and triple crops can be cultivated economic development can be achieved and political situation will improve and affairs of state will be better. In connection with meat and fish, Myanmar chiefly consume chicken, pork, mutton, beef and fish. If livestock breeding tasks are carried out systematically, there will be abundant supplies of meat and fish. If agriculture, livestock breeding and education improve, regional development can be achieved. As Taungoo and Meiktila regions are close to Nay Pyi Taw and hubs for the country, regional official required to exert efforts for regional development.

Then, the Senior General and party inspected the excavation sites of Kaytumati ancient city, Yodaya Gate at the eastern moat and the western palace wall, the moat and Myolay castle at the southeastern wall and the interior of the wall. The Senior General said excavation research of the palace must be carried out successfully. In doing so, the foundation of the palace wall must be excavated along the wall. The entrance Bridge of the ancient city must be identified and reconstruct parts that can be rebuilt. The Botaloke Lake must be rebuilt. Priority must be given to excavation of the palace wall.

Then, the Senior General and party rode a special RBE train from Taungoo Station to Thaungtaing Gone Station and inspected the site where the new Taungoo Station is to be built before giving necessary instructions to officials.

Afterward, the Senior General and party took a train ride along Taungoo-Yedashe railroad section and inspected the maintenance tasks of the railroad, agriculture tasks in Taungoo and urban development. **100**

Two freight trains collide in U.S. Colorado, spilling fuel

NEW YORK August 23

Two freight trains collided and derailed in Boulder, Colorado, on Thursday night, damaging a bridge, spilling fuel and injuring two conductors, according to police.

The Boulder Police Department said on social medial platform X that the crash happened north of Boulder Community Hospital.

Area roads were closed for several hours while officials conducted an investigation and fuel cleanups. Those roads have all since reopened, the department said Friday morning.



2 freight trains collide in U.S. Colorado, spilling fuel.

"The train itself is about a mile-long, so it will take some time to clean up and move the cars," police said on X.

Video of the aftermath showed two train locomotives sustained severe damage and were off the rails along with several cargo cars. Heavy equipment was being used to remove the wreckage.

Kendall Sloan, a spokesperson for train operator BNSF Railway, said in an email on Friday that the cause of the collision remains under investigation.

A "small amount" of fuel spilled from the locomotive but is not impacting the creek, she added. "Crews are on site working to clear the incident as quickly and safely as possible," Sloan wrote. "There is no threat to the public." **Xinhua**

Landslide kills 9 on resort island in southern Thailand

BANGKOK August 23

Nine people were killed and some others were missing in a landslide triggered by heavy rain on Thailand's southern resort island of Phuket on Friday, authorities said.

About 200 millimeters of rainfall recorded overnight led to a landslide and flooding in several areas of Phuket Province, causing damage to at least 250 households, according to a local public relations office.

In a statement, caretaker Minister of Interior Anutin Charnvirakul directed disaster response and local government agencies to ensure timely dissemination of critical information regarding weather conditions, risky areas, and safety guidelines, while advising the public to avoid areas at risk of landslides, flash floods and other hazards during this period of heavy rainfall.

According to the Department of Disaster Prevention and Mitigation, residents in 43 provinces across Thailand are urged to be vigilant for flash floods, landslides and overflow from reservoirs and riverbanks from Saturday until August 30, while officials have been instructed to stand ready in case of emergencies.

Xinhua

27 dead after Indian passenger bus veers off road in Nepal

KATHMANDU August 23

Twenty-seven people were killed and 16 others injured after an Indian passenger bus with 43 aboard skidded off the road in Nepal on Friday, a Nepali official said.

All the injured have been airlifted to Kathmandu for treatment, said Janardan Gautam, chief district officer of Tanahun District where the accident happened.

"Preparations are being made to send the bodies to Pokhara for autopsy," he told Xinhua.

The bus fell into the bank of the Marsyangdi River at Tanahun's Aanbookhaireni as a huge stone stopped it from falling further, said Deepak Kumar Raya, spokesman for the district police.

He told Xinhua that the accident occurred when the bus was heading to Kathmandu from Pokhara, a popular tourist attraction in Nepal.Driving becomes more difficult and dangerous in mountainous Nepal during the monsoon season which started in June. **Xinhua**

Gabon reports first case of Mpox


Gabon reports first case of Mpox.

LIBREVILLE August 23

Gabon recorded its first case of Mpox, according to a statement by its health minister on Thursday.

The case involves a 30-year-old Gabonese man who recently arrived from Uganda and is currently in isolation, Gabonese Minister of Health and Social Affairs Adrien Mougougou said in the statement.

The patient, who tested positive for Mpox, exhibited symptoms including fever, fatigue and a generalized skin rash a few days after arriving in Gabon. On Wednesday, he went to the hospital, where he was isolated and treated due to the clinical suspicion, according to the statement.

"The patient is in good condition, and contact tracing is ongoing," the statement said.

The government urged the population to remain calm and vigilant. **Xinhua**

Israel, Egypt, US hold talks in Cairo on Philadelphi corridor

JERUSALEM August 23

On October 7, 2023, Israel was subjected to an unprecedented rocket attack from the Gaza Strip. In addition, Hamas fighters infiltrated the border areas, opened fire on the military and civilians and took hostages.

Representatives of Israel, Egypt and the United States were holding talks in Cairo to reach an agreement on how to ensure security on the border between Egypt and the Gaza Strip and reopen the Rafah border crossing, the Axios news portal reported on Thursday, citing US and Israeli officials.

Earlier this week, The Wall Street Journal reported that Israel insists on building a wall along the Philadelphi corridor on the border between the Gaza Strip and Egypt to prevent Hamas from building tunnels.

At the same time, Israeli Prime Minister Benjamin Netanyahu's adviser Dmitri Gendelman told Sputnik that Israeli Secret Intelligence Service (Mossad) Director David Barnea and Israeli Security Agency Director Ronen Bar arrived in Cairo to participate in a new round of talks on a Gaza ceasefire deal scheduled for the coming days.

Sputnik

Iran arrests 14 IS "terrorists"

TEHRAN August 23

Iran's Intelligence Ministry said on Friday that its anti-terror forces have arrested 14 Islamic State (IS) "terrorists" in four provinces of the country.

"The terrorists illegally entered Iran over the past few days in an attempt to carry out terrorist operations," the ministry said in a statement published on its website, adding those "terrorists" were led by "the U.S.-Israeli IS-Khorasan group."

It noted that the "terrorists" were arrested in Tehran, Alborz, Fars, and Khuzestan provinces, with half of them detained in Fars alone.

The results of investigations and interrogations would be announced later, said the ministry.

The IS-Khorasan group is a regional branch of the IS, active in South-Central Asia, primarily Afghanistan and Pakistan.

Xinhua

SAC Chairman Commander-in-Chief of Defence Services Senior General Min Aung Hlaing inspects undertakings of peace and stability in the area of Southern Command, comforts security force members receiving medical treatments at the Tatmadaw hospital in Taungoo

NAY PYI TAW August 23

Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing, accompanied by SAC member Chief of the General Staff (Army, Navy and Air) General Maung Maung Aye, Commander-in-Chief (Navy) Vice-Admiral Htein Win, Commander-in-Chief (Air) General Tun Aung, Union-level dignitaries, senior military officers from the Office of the Commander-in-Chief and officials, inspected progress in restoring peace and stability in the area of the Southern Command this afternoon.

At the meeting hall of the Southern Command Headquarters, Commander Maj-Gen Kyi Thaik reported on subversive acts of some EAOs and PDF terrorists with attempts to de teriorate peace and stability in the area of Southern Command, their terror acts of blowing up communication routes, bridges and railways being used by the people, and efforts of Tatmadaw and Myanmar Police Force members in taking security measures for ensuring peace and stability of the region.

In his response to the reports, the Senior General underlined that security measures must be taken systematically for ensuring public security and restoring peace and stability of the region. It is necessary to take security measures systematically to ensure public security and peace and stability of the region. The Senior General stressed the need to consider implementation of the long-term plan in restoring peace and stability of the region and secure and smooth transportation measures. On the occasion, the Senior General gave necessary guidance on local security, peace and stability of the region.



Senior General Min Aung Hlaing comforts a patient.



At the Tatmadaw hospital in Taungoo, the Senior General comforted officers, other ranks and members of Myanmar Police Force receiving medical treatments for their injuries suffered in serving defence and security duties of the State.

In consoling them, the Senior General asked about conditions of officers, other ranks and MPF members who were injured in serving the defence and security duties of the State and asked after their health conditions and healing of injuries individually and fulfilled their needs.

After cordially conversing with them, the Senior General presented cash awards and gifts to officers and other ranks and MPF members.

After asking requirements at the hospital, the Senior General attended to the needs.

100



Senior General Min Aung Hlaing comforts a patient.

Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၂၃

ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီး ဌာနပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(နဲ)ဝါ ဟူစိန် အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနခွဲ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလာရေးနှင့် ပြည်သူချင်းထိတွေ့ဆက်ဆံမှုကဏ္ဍများအပါအဝင် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတို့ တွေ့ဆုံဆွေးနွေး



နေပြည်တော် ဩဂုတ် ၂၃

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီသည် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်အဖွဲ့နှင့်ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာနခွဲ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ဦးခွန်ဥက္ကာ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)မှ ဥက္ကဋ္ဌ စောမြရာဇာလင်း၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA)မှဗဟိုဆက်ဆံရေးဌာနမှူး စောကျော်သန်းဌေး၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီမှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် စောမောင်မောင်၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)မှ ဒုတိယဥက္ကဋ္ဌကျာဖူး၊ မွန်ပြည်သစ်ပါတီ(NMSP)မှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နိုင်အောင်မငေး၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)မှတွဲဖက်အထွေထွေအတွင်းရေးမှူး(၁) ခွန်မင်းသိန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။


တွေ့ဆုံဆွေးနွေးပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့်တက်ရောက်လာကြသည့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စား ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဥက္ကဋ္ဌ စောမြရာဇာလင်းတို့က နှုတ်ခွန်းဆက်စကားများပြောကြားကြသည်။

ယင်းနောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က တွေ့ဆုံဆွေးနွေးပွဲဆိုင်ရာအကြောင်းအရာများအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးကိစ္စရပ်များနှင့် ဒေသဖွံ့ဖြိုးမှု အကူအညီပေးအပ်နိုင်ရေးကိစ္စရပ်တို့နှင့်ပတ်သက်၍ နှစ်ဖက်အပြန်အလှန်ဆွေးနွေးညှိနှိုင်းကြသည်။ ယင်းနောက် တက်ရောက်လာကြသည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စား ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဥက္ကဋ္ဌ စောမြရာဇာလင်းနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်တို့က နိဂုံးချုပ်အမှာစကားများ အသီးသီးပြောကြားခဲ့ကြပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်ကြောင်းသိရသည်။

(သတင်းစဉ်)

၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ



နေပြည်တော် ဩဂုတ် ၂၃

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မဇာနန်းလှ၊ အသက် ၃၃ နှစ်က ဆင်ဖြူတော်(အထီး)ကလေး (၁)စီးအား ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါ ဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက" ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၈ ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ၄ က်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာသြဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင်ရှေခြေသည်း ၅ ခုစီနှင့် နောက်ခြေသည်း ၄ ခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့်ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၇ ချက်ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

အထက်ပါဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ယခုအသက် ၂ နှစ်၊ ၁ လသားအရွယ်တွင် အရပ်အမြင့် ၄ ပေ ၇ လက်မ၊ ကိုယ်လုံးလုံးပတ် ၇ ပေ ၄ လက်မ၊ ကိုယ်အလေးချိန် ၁၄၁၉ ပေါင်ရှိလာပြီး ရတနာဆင်ဖြူတော်ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်၊ နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့်ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ငယ်စဉ်ကတည်းက ပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၃-၈-၂၀၂၄

ထူးခြားသည့် နေ့အပူချိန်များ

ခန္ဓီး	၃၅ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ်
ချောက်	၃၅ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ်
မြစ်ကြီးနား	၃၅ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ်
ပူတာအို	၃၄ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ်
ညောင်ဦး	၃၄ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ်
မြောင်းမြ	၃၃ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ်
ကလေး၀	၃၃ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်
တောင်တွင်းကြီး	၃၃ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်
မြိတ်	၃၃ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်
ကော့ကရိတ်	၃၃ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်

NEWS IN BRIEF

အိန္ဒိယဝန်ကြီးချုပ်က ယူကရိန်းသမ္မတနှင့်တွေ့ဆုံ

အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီက ၎င်း၏ဥရောပခရီးစဉ်အတွင်း ယူကရိန်းသမ္မတ ဇီလန်စကီနှင့် ဩဂုတ်လ ၂၃ ရက်တွင်တွေ့ဆုံကြောင်းသိရသည်။

မိုဒီ၏ ယူကရိန်းခရီးစဉ်သည် နှစ်နိုင်ငံကြား စီးပွားဆက်ဆံရေး၊ ကာကွယ်ရေး၊ သိပ္ပံနှင့် နည်းပညာနယ်ပယ်တို့၌ ပူးပေါင်းဆောင်ရွက်ရေးတို့ကို အဓိကထားသည်ဟု နှစ်နိုင်ငံတာဝန်ရှိသူများက ထုတ်ပြန်ထားသည်။

သို့သော် မိုဒီ၏ယခုခရီးစဉ်သည် အိန္ဒိယနိုင်ငံအနေဖြင့် နိုင်ငံခြားဆက်ဆံရေးတွင် ဘက်မလိုက်မူဝါဒကို ဆက်လက်ဆုပ်ကိုင်ထားကြောင်း ပြသလိုသည့်သဘောတွေ့ရကြောင်း လေ့လာသူများကပြောသည်။

မိုဒီအနေဖြင့် တတိယအဆက်ဝန်ကြီးချုပ်ရာထူးကိုရရှိပြီးနောက် ပထမဆုံးနိုင်ငံတော်အဆင့် ပြည်ပခရီးစဉ်အဖြစ် ရုရှားနိုင်ငံသို့သွားခဲ့မှုအပေါ် နိုင်ငံတကာလေ့လာသူများက ဝေဖန်ခဲ့ပြီးနောက် ယူကရိန်းခရီးစဉ်ထွက်ပေါ်လာခြင်းဖြစ်သည်။

ထို့ပြင် ရုရှားနှင့်ယူကရိန်းတို့အနေဖြင့် ဆွေးနွေးမှုနှင့်သံတမန်ရေးတို့မှတစ်ဆင့် ပဋိပက္ခများကိုချုပ်ငြိမ်းစေရေး ကြိုးပမ်းဆောင်ရွက်ရန် မိုဒီက အကြိမ်ကြိမ် တိုက်တွန်းထားသည်။

ယခုမိုဒီ၏ ယူကရိန်းခရီးစဉ်သည် နှစ်နိုင်ငံကြားသံတမန်ဆက်ဆံရေးထူထောင်ပြီးနောက် နှစ်ပေါင်း ၃၀ အတွင်း အိန္ဒိယဝန်ကြီးချုပ်တစ်ဦး၏ ပထမဆုံးယူကရိန်းခရီးစဉ်ဖြစ်ကြောင်းသိရသည်။

Ref: AP

ဂါဇာ၌ ၂၅ နှစ်အတွင်း ပထမဆုံးအမျိုးအစား ၂ ပိုလီယိုရောဂါဖြစ်ပွား

ဂါဇာဒေသ၌ ၂၅ နှစ်အတွင်း ပထမဆုံးအဖြစ် အမျိုးအစား ၂ ပိုလီယိုရောဂါဖြစ်ပွားမှုကိုတွေ့ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဩဂုတ်လ ၂၃ ရက်တွင်ထုတ်ပြန်ထားသည်။

ရောဂါကူးစက်ခံရသူမှာ အသက် ၁၀ နှစ်သာရှိသေးသည့် ကလေးငယ်တစ်ဦးဖြစ်ပြီး ယခုအခါ ထိုကလေးငယ်မှာသွက်ချာပါဒဖြစ်သွားပြီဖြစ်သည်။

ထို့ကြောင့် ကလေးငယ်တိုင်းကို ပိုလီယိုရောဂါကာကွယ်ဆေးတိုက်ကျွေးကြရန် ကုလသမဂ္ဂအဖွဲ့အစည်းများက တောင်းဆိုထားသည်။

အဆိုပါအမျိုးအစား ၂ ဗိုင်းရပ်သည် ပင်ကိုအားဖြင့် အမျိုးအစား ၁ နှင့် အမျိုးအစား ၃ ဗိုင်းရပ်တို့ကဲ့သို့ ပြင်းထန်မှုမရှိသော်လည်း ပြီးခဲ့သည့်နှစ်အနည်းငယ်ကတည်းက ကာကွယ်ဆေးထိုးနှုန်းနည်းသည့်နေရာများတွင် ကူးစက်ပျံ့နှံ့နေသည့် ရောဂါအမျိုးအစားဖြစ်သည်။

ပိုလီယိုရောဂါဟူသည် ပါလက်စတိုင်းကလေးငယ်၊ အစ္စရေးကလေးငယ်ဟူ၍ ခွဲခြားပြီးကူးစက်ခြင်းမျိုးမဟုတ်ကြောင်း UNRWA မှအကြီးအကဲက လူမှုကွန်ရက်တွင်ရေးထားသည်။

ထို့ပြင် လူသားချင်းစာနာထောက်ထားမှုအကူအညီများ နှောင့်နှေးနေသမျှကာလပတ်လုံး ကလေးငယ်များကြားတွင် ထိုရောဂါဆိုးကူးစက်ပျံ့နှံ့မှုသည်လည်း ပိုမိုဆိုးဝါးနေမည်ဖြစ်ကြောင်း ၎င်းကဆက်ပြောထားသည်။

Ref: TST

အမေရိကန်က တောင်ကိုရီးယားကို စစ်သုံးရဟတ်ယာဉ် ရောင်းချပေးမှု အဆင်အခြင်မဲ့ရာကျဟု မြောက်ကိုရီးယားပြော

အမေရိကန်က တောင်ကိုရီးယားနိုင်ငံသို့ အဆင့်မြင့်စစ်သုံးရဟတ်ယာဉ်များကို ရောင်းချပေးမှုသည် အဆင်အခြင်မဲ့ရာကျပြီး ရန်စရာရောက်ကြောင်း မြောက်ကိုရီးယားအစိုးရက ထုတ်ပြန်လိုက်သည်။

ထို့ပြင် အမေရိကန်၏အဆိုပါလုပ်ရပ်ကိုတုံ့ပြန်သည့်အနေဖြင့် မြောက်ကိုရီးယားက ကာကွယ်ရေးတပ်ဖွဲ့ကို တိုးမြှင့်တည်ဆောက်သွားမည်ဟု ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

အမေရိကန်အစိုးရသည် ဒေါ်လာ သုံးဘီလီယံခွဲတန်ဖိုးရှိ အပါဆီတိုက်ခိုက်ရေးရဟတ်ယာဉ် အစင်းရေ ၃၆ စင်းအပြင် ဆက်စပ်ပစ္စည်းများနှင့် ဒုံးကျည်များကိုပါ ရောင်းချပေးမည်ဟု ထုတ်ပြန်လာမှုအပေါ် မြောက်ကိုရီးယားအစိုးရက ယခုကဲ့သို့ တုံ့ပြန်လိုက်ခြင်းဖြစ်သည်။

တောင်ကိုရီးယား၌ စစ်သည်အင်အား ၂၈၅၀၀ ကိုဖြန့်ကြက်ထားသည့် အမေရိကန်နိုင်ငံက ပစိဖိတ်ဒေသ၌လက်နက်များ ရောင်းချမှုသည် မြောက်ကိုရီးယားနိုင်ငံ၏ မဟာဗျူဟာမြောက်ဟန့်တားမှုကို ပိုမိုခိုင်မာစေရန် တွန်းအားပေးသည်နှင့် အတူတူ ပင်ဖြစ်ကြောင်း မြောက်ကိုရီးယားတာဝန်ရှိသူများက ဩဂုတ်လ ၂၃ ရက်တွင်ပြောသည်။

မြောက်ကိုရီးယားကိုထိန်းချုပ်နိုင်ရေးရည်ရွယ်၍ အမေရိကန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့ကြား လုပ်ဆောင်သည့် နှစ်ပတ်လည်ပူးတွဲစစ်ရေးလေ့ကျင့်ခန်းစတင်သည့်နေ့တွင် အဆိုပါရဟတ်ယာဉ်များကိုရောင်းချပေးမည်ဟူသော ထုတ်ပြန်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

Ref: TST

BUSINESS

လူတူစက်ရုပ်ဖန်တီးမှုနယ်ပယ်တွင် တရုတ်ကဦးဆောင်နေ



တရုတ်နိုင်ငံမှ နည်းပညာကုမ္ပဏီများက လူတူစက်ရုပ်များဖန်တီးမှုနယ်ပယ်တွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုထည့်ဝင်လာခြင်းဖြင့် ဦးဆောင်လာနေကြောင်း ကျွမ်းကျင်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များကပြောသည်။

ပေကျင်းမြို့၌ ဩဂုတ်လ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်သော ၂၀၂၄ ခုနှစ် ကမ္ဘာ့စက်ရုပ်ညီလာခံ၌ တရုတ်နိုင်ငံထုတ်လူတူစက်ရုပ်များက လူအများစိတ်ဝင်စားမှုကိုခံရပြီးနောက် ပညာရှင်များ၏မှတ်ချက်ပြုပြောဆိုမှုများ ထွက်ပေါ်လာခြင်းဖြစ်သည်။

လူတူစက်ရုပ်များသည် လူသားတို့၏ ထုတ်လုပ်မှုနှင့် လူနေမှုဘဝကို အလွန်ကြီးမားစွာပြောင်းလဲစေမည်ဖြစ်ကြောင်း၊ လူ့အသိုင်းအဝိုင်းတစ်ခုလုံးကို ဉာဏ်ရည်ဉာဏ်စွမ်းရှိသော ဖွံ့ဖြိုးတိုးတက်မှုဆီဦးတည်စေမည်ဖြစ်ကြောင်းနှင့် အမျိုးမျိုးသော စက်မှုလုပ်ငန်းများတွင် ပြောင်းလဲမှုများစွာကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း ကမ္ဘာ့စက်ရုပ်ပူးပေါင်းဆောင်ရွက်မှုအဖွဲ့၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

စက်မှုလုပ်ငန်းများတွင် လူတူစက်ရုပ်များသည် အန္တရာယ်ရှိသောထုတ်လုပ်ရေးလုပ်ငန်းစဉ်များ၌ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာနိုင်သည်သာမက ထုတ်လုပ်မှုကို ဘေးကင်းစိတ်ချမှုရှိစွာ လုပ်ဆောင်နိုင်စေမည်ဖြစ်သည်။

Ref: CD

K.H

AIIB ဘဏ်က ပထမဆုံးသော ဒစ်ဂျစ်တယ်ငွေတိုက်စာချုပ်ကို ထုတ်ဝေ



အာရှအခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှုဘဏ်က ၎င်းတို့၏ပထမဆုံးသော ဒစ်ဂျစ်တယ် ငွေတိုက်စာချုပ်များကို ထုတ်ဝေလိုက်ကြောင်းသိရသည်။

ဩဂုတ်လ ၂၃ ရက်တွင်ထုတ်ဝေလိုက်သည့် အဆိုပါဒစ်ဂျစ်တယ်ငွေတိုက်စာချုပ်များ၏တန်ဖိုးသည် အမေရိကန်ဒေါ်လာသန်း ၃၀၀ တန်ဖိုးရှိကြောင်း Euroclear ကထုတ်ပြန်ထားသည်။

ယခုကဲ့သို့ထုတ်ဝေမှုသည် Euroclear အတွက် ဒေါ်လာဖြင့်သတ်မှတ်အမည်ပေးထားသည့် ဒစ်ဂျစ်တယ်ငွေတိုက်စာချုပ်ပထမဆုံး ထုတ်ဝေမှုဖြစ်သည်သာမက အာရှဒေသအတွက်လည်း ကိုယ်ပိုင်လယ်ဂျာနည်းပညာအသုံးပြု ပထမဆုံးထုတ်ဝေမှုဖြစ်သည်။

ဒစ်ဂျစ်တယ် ငွေတိုက်စာချုပ်များဆိုသည်မှာ ဘလော့ချိန်းတစ်ခုပေါ်တွင် သို့မဟုတ်ဖြန့်ဝေထားသောလယ်ဂျာစနစ်တွင် ထုတ်ဝေသည့် ငွေချေးပေးမှုသက်သေခံလက်မှတ်တစ်မျိုးဖြစ်သည်။

အဆိုပါဒစ်ဂျစ်တယ်ငွေတိုက်စာချုပ်များကို Moody's၊ Standard & Poor's နှင့် Fitch Rating တို့က AAA အဆင့်သတ်မှတ်ပေးထားကြောင်း ဘဏ်၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

Ref: IE

K.H

ဇော်ဗိုက မွန်တယ်ရီမြို့၌ ကုန်တင်ယာဉ်ကြီးများထုတ်လုပ်မည်

ဆွီဒင်နိုင်ငံအခြေစိုက် ဇော်ဗိုမော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီက မကွဆီကိုနိုင်ငံမြောက်ပိုင်းရှိမွန်တယ်ရီမြို့၌ကုန်တင်ယာဉ်ကြီးများကို ထုတ်လုပ်သွားမည်ဖြစ်သည်။

ဇော်ဗိုက မြောက်အမေရိကဒေသတွင်း အကြီးစားကုန်တင်ယာဉ်ကြီးများထုတ်လုပ်မည့် အဆိုပါနေရာတွင် အမေရိကန်ဒေါ်လာသန်း ၇၀၀ ကုန်ကျမည့် စက်ရုံကို တည်ဆောက်သွားမည်ဖြစ်သည်ဟု ထိုကုမ္ပဏီက ဩဂုတ်လ ၂၃ ရက်တွင် ထုတ်ပြန်ထားသည်။

၎င်းတို့အနေဖြင့် အမေရိကန်နိုင်ငံနှင့် ကနေဒါနိုင်ငံတို့တွင်သာမက မကွဆီကိုနှင့်လက်တင်အမေရိကဒေသတို့တွင်ပါ ဇော်ဗိုကုန်တင်ယာဉ်ကြီးများကိုရောင်းချနိုင်ရေးအတွက် မကွဆီကို၌စက်ရုံတစ်လုံးဆောက်လုပ်ယွားမည်ဟုဇပြီလကတည်းက ထုတ်ပြန်ကြေညာထားခြင်းဖြစ်သည်။

မွန်တယ်ရီမြို့သည် အမေရိကန်နိုင်ငံ၏ အနောက်တောင်ပိုင်းနှင့် အနောက်ပိုင်းဒေသများအတွက် ကုန်တင်ယာဉ်ကြီးများ ရောင်းချမှုနှင့် လိုအပ်သည့်ထောက်ပံ့မှုများပေးနိုင်သော အကောင်းဆုံးနေရာဖြစ်သည်ဟု ကုမ္ပဏီ၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ယခုဆောက်လုပ်မည့် စက်ရုံအနေဖြင့် ၂၀၂၆ ခုနှစ်တွင် လုပ်ငန်းလည်ပတ်နိုင်မည်ဖြစ်ကြောင်းသိရသည်။

Ref: RTA

K.H

ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူများသင်တန်းအမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲနှင့် MSME ချေးငွေနှင့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေဆိုင်ရာညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းတက်ရောက်



နေပြည်တော် ဩဂုတ် ၂၃

ဘွိုင်လာကျွမ်းကျင်သူများ တိုးပွားလာသည်နှင့်အမျှ ဘွိုင်လာသုံးစက်မှုလုပ်ငန်းများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ ဘွိုင်လာများကို စွမ်းရည်ပြည့်သုံးစွဲနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သည့် ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူများ သင်တန်းအမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနရှိ ဘွိုင်လာသင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့်တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က သင်တန်းတွင်ထူးချွန်ဆုရရှိသူသုံးဦးကို ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းအောင်လက်မှတ်များကို သင်တန်းသားခေါင်းဆောင်အား ပေးအပ်သည်။

သင်တန်းကို ခြောက်ပတ်ကြာဖွင့်လှစ်ခဲ့ပြီး စက်မှုဝန်ကြီးဌာနမှ လေးဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ခုနစ်ဦး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တစ်ဦး၊ အလုပ်သမားဝန်ကြီးဌာနမှ တစ်ဦး၊ စွမ်းအင်ဝန်ကြီးဌာနမှ ငါးဦး၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ သုံးဦး၊ ပုဂ္ဂလိက လုပ်ငန်းများမှ ၄၂ ဦး စုစုပေါင်းသင်တန်းသား၊ သင်တန်းသူ ၆၃ ဦး တက်ရောက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် MSME ချေးငွေနှင့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို စက်မှုဝန်ကြီးဌာနရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေတစ်ရပ်ကို ဗဟိုကော်မတီအစည်းအဝေး(၁/၂၀၂၂)၏ခွင့်ပြုချက်ဖြင့် ထူထောင်ခဲ့ရာ နိုင်ငံတော်မှမတည်ထောက်ပံ့ငွေကျပ်ဘီလီယံ ၁၇၀ ကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ စရက်တွင်ရန်ပုံငွေစာရင်းသို့ထည့်သွင်းထားသည်။

ယင်းရန်ပုံငွေကို ဆီစက်လုပ်ငန်းရှင် ၁၀ ဦးအတွက် ငွေကျပ်ဘီလီယံ ၁၀၀ အနက် ငွေကျပ်ဘီလီယံ ၁၅၀ ကို MSME ဖွံ့ဖြိုးတိုးတက်ရေးချေးငွေအဖြစ် ထုတ်ချေးပေးသွားမည်ဖြစ်ပြီး MSME ချေးငွေထုတ်ချေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်း ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့မှ ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့နှင့် အေဂျင်စီတို့အနေဖြင့် ချေးငွေများ ထုတ်ချေးနိုင်ရေးဆောင်ရွက်ခဲ့ရာ လုပ်ငန်းရှင် ၁၀ ဦးအတွက် ချေးငွေကျပ်သန်း ၂၈၀ ကို ပထမအကြိမ်အဖြစ် ထုတ်ချေးနိုင်တော့မည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ကျပ်ဘီလီယံ ၅၀ ဖြင့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေထူထောင်လျက်ဆီစက်လုပ်ငန်းများကို ချေးငွေများထောက်ပံ့ပေးလျက်ရှိကြောင်း။

ယနေ့အထိဆီစက်လုပ်ငန်းရှင် ၃၁ ဦးကို ချေးငွေကျပ် ၃၄၉၃ သန်း ထုတ်ချေးပေးပြီးဖြစ်ကြောင်း၊ ထုတ်ပေးရန်ကျန်ရှိသည့် ငွေကျပ်ဘီလီယံ ၄၆ ဒသမ ၅၀၇ ကို မြန်ဆန်မှန်ကန်စွာထုတ်ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စက်မှုဝန်ကြီးဌာနနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများက ဆီစက်ချေးငွေထုတ်ချေးပေးနိုင်ရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က MSME ချေးငွေဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အထွေထွေမန်နေဂျာက ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ(၃/၂၀၂၄)အစည်းအဝေး ဆုံးဖြတ်ချက်နှင့် ပတ်သက်၍လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဌာနမှုးများက MSME ချေးငွေနှင့် ဆီစက်ချေးငွေများ ထုတ်ချေးပေးနိုင်ရေးအတွက် လုပ်ငန်းရှင်များမှလျှောက်ထားမှု၊ ထုတ်ချေးပေးခဲ့မှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

တတိယအကြိမ်မြောက် အာဆီယံအမျိုးသမီးခေါင်းဆောင်များညီလာခံ (3rd ASEAN Women Leaders' Summit) ကျင်းပ

နေပြည်တော် ဩဂုတ် ၂၃

တတိယအကြိမ်မြောက် အာဆီယံအမျိုးသမီးခေါင်းဆောင်များညီလာခံ(3rd ASEAN Women Leaders' Summit)ကို ယနေ့တွင် Video Conferencing စနစ်ဖြင့် လာအိုနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပရာ အာဆီယံအမျိုးသမီးရေးရာဝန်ကြီးများအဆင့် Focal Point ဖြစ်သူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ အာဆီယံ အမျိုးသမီးကော်မတီ (ACW) Focal Point နှင့် အာဆီယံအမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် မှတ်ပုံတင်ကဏ္ဍ (AWPR) အဖွဲ့ဝင် လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ အာဆီယံအမျိုးသမီး အခွင့်အရေးများဆိုင်ရာကိုယ်စားလှယ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဘာသာရပ်ဆိုင်ရာ တာဝန်ခံများက Online ဖြင့်တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် လာအိုနိုင်ငံ၏ဝန်ကြီးချုပ် H.E. Sonexay Siphandone နှင့် တာဝန်ရှိသူများက အဖွင့်အမှာစကားပြောကြားကြသည်။

ယင်းနောက် တတိယအကြိမ်မြောက် အာဆီယံအမျိုးသမီးခေါင်းဆောင်များညီလာခံ၏ ဆောင်ပုဒ်ဖြစ်သော "Strengthening Care Economy and Resilience Towards ASEAN Community Post-2025" နှင့်စပ်လျဉ်း၍ Plenary Session တွင်



အာဆီယံနိုင်ငံများ၏ ခေါင်းဆောင်များမှ Panelist များအဖြစ် ပါဝင်ဆောင်ရွက်၍ အတွေ့အကြုံနှင့်အမြင်များကို ဆွေးနွေးဖလှယ်ခဲ့ကြသည်။

အဆိုပါ Plenary Session တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အာဆီယံလူမှုကာကွယ်စောင့်ရှောက်ရေးခိုင်မာအားကောင်းစေရေးကြေညာစာတမ်း၊ အာဆီယံလူမှုစီးပွားဘဝ စောင့်ရှောက်အကာအကွယ်ပေးရေးဆိုင်ရာမူဘောင်တို့နှင့်အညီ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာစီမံချက်ကို ၂၀၁၄ ခုနှစ်တွင် ချမှတ်ဖော်ဆောင်ခဲ့ပြီး အဆိုပါအစီအစဉ်၏ လုပ်ငန်းနယ်ပယ် (၈)ခုအနက် ကိုယ်ဝန်ဆောင်မိခင်များနှင့်ငင်းတို့မှမွေးဖွားလာသော အသက် (၂)နှစ်နှင့် အောက် ကလေးသူငယ်များအား ထောက်ပံ့ခြင်း အစီအစဉ်နှင့် လူမှုရေးပင်စင်ထောက်ပံ့ခြင်းတို့ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင်ကိုယ်ဝန်ဆောင်မိခင်များနှင့် ငင်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်နှင့်အောက် ကလေးသူငယ်များအား ထောက်ပံ့ခြင်းအစီအစဉ်အတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ အကျိုးခံစားခွင့်ရှိသူ ၂၉၀၀၀၀ ကို စုစုပေါင်း ငွေကျပ်ဘီလီယံသန်းပေါင်း ၁၄ ဘီလီယံ ထောက်ပံ့နိုင်ခဲ့ကြောင်း၊ လူမှုရေးပင်စင်ထောက်ပံ့ခြင်းအတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အကျိုးခံစားခွင့်ရှိသူ ၁၆၀၀၀၀ ကို စုစုပေါင်း ငွေကျပ်ဘီလီယံသန်းပေါင်း ၁၆ ဘီလီယံ ထောက်ပံ့နိုင်ခဲ့ကြောင်း၊ ထို့ပြင် ဝန်ကြီးဌာနအနေဖြင့် သက်ကြီးသူများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာကို ဖွင့်လှစ်ထားရှိပေးပြီး သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ရေး သင်တန်းများပြုလုပ်ပေးခြင်း၊ သက်ကြီးသူများဖြင့် ပါဝင်စုဖွဲ့ထူထောင်ထားရှိသည့် အဖွဲ့များသို့ နှစ်စဉ်ငွေကြေးထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ၂၄ နာရီ ဖုန်းခေါ်ဆိုမှုဝန်ဆောင်မှုကို ၂၀၁၆ ခုနှစ်မှစတင်ခဲ့ပြီး သတင်းပေးပို့တိုင်ကြားလာသူများကို လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်းလမ်းညွှန်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် ကလေးသူငယ်များအတွက် အနာဂတ်သင်ယူမှုနှင့် ဘဝသာယာရေးတို့အတွက် ခိုင်မာသော အခြေခံအုတ်မြစ်ချမှတ်နိုင်စေရန်အတွက် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး (ECCD)လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တစ်နိုင်ငံလုံးတွင် မူလတန်းကြို ကျောင်း ၂၇၀၀ နှင့် မိခင်ဝိုင်း ၅၃၅ ဝိုင်းတို့ကို တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ကြောင်း။

မသန်စွမ်းသူများအတွက်လည်း မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၇)ကိုရေးဆွဲပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြုစုစောင့်ရှောက်သူများကို ဂုဏ်ပြုခြင်းနှင့်မြှင့်တင်ပေးခြင်း စသည့်အခြေခံအချက်များကို အတူတကွဆောင်ရွက်ခြင်းဖြင့် အာဆီယံဒေသအတွင်းရှိအမျိုးသမီးများ၊ ပြုစုစောင့်ရှောက်သူများနှင့် မိသားစုများအတွက် ကူညီထောက်ပံ့မှုများ ရရှိစေမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် လာအိုနိုင်ငံဝန်ကြီးချုပ်က နိဂုံးချုပ်စကားပြောကြားခဲ့ပြီး ညီလာခံကို ရုပ်သိမ်းသည်။ အာဆီယံနိုင်ငံများမှ လူမှုစီးပွားဘဝစောင့်ရှောက်ကာကွယ်ပေးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အစိုးရဌာနဆိုင်ရာများကို Care Economy Award ဆုပေးအပ်ချီးမြှင့်ခဲ့ရာ မြန်မာနိုင်ငံအနေဖြင့် လူမှုဝန်ထမ်းဦးစီးဌာနမှ Care Economy Award ဆုကို ရရှိခဲ့ကြောင်းသိရသည်။

(၅၀၀)

ဗဟိုဘဏ်ဒစ်ဂျစ်တယ်ငွေကြေးဆိုင်ရာဆွေးနွေးပွဲ အခမ်းအနား ကျင်းပ



နေပြည်တော် ဩဂုတ် ၂၃

ဗဟိုဘဏ်ဒစ်ဂျစ်တယ်ငွေကြေးဆိုင်ရာ ဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်ရှိ ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌများ၊ အဆင့်မြင့် အရာရှိကြီးများ၊ ဖိတ်ကြားထားသော ဝန်ကြီးဌာနများနှင့် ပြည်တွင်းပုဂ္ဂလိက ဘဏ်များမှ အဆင့်မြင့်အရာထမ်းများ၊ ပြင်ပအဖွဲ့အစည်းများမှ ပညာရှင်များနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဌာနအသီးသီးမှ အရာထမ်း/ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ကမ္ဘာ့နိုင်ငံအများစုတွင် ထုတ်ဝေပြီး/ ထုတ်ဝေနိုင်ရန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ဗဟိုဘဏ်ဒစ်ဂျစ်တယ်ငွေကြေး (Central Bank Digital Currency-CBDC) နှင့်စပ်လျဉ်းသည့်ထုတ်ဝေမှုနည်းလမ်း၊ လုပ်ငန်းဆောင်ရွက်မှုစနစ်၊ နည်းပညာပိုင်းဆိုင်ရာအခန်းကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုအခြေအနေနှင့် စိန်ခေါ်မှုများအား သုံးသပ်ဆွေးနွေးနိုင်စေရန်နှင့် ပြည်တွင်း/ ပြည်ပအခြေအနေများ၊ မိမိတို့ရှိ Digital Ensuring Level ရောက်ရှိမှုအခြေအနေ၊ မိမိတို့နိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ နှိုင်းယှဉ်စဉ်းစားမှုများပြုလုပ်နိုင်ရန်၊ CBDC ထုတ်ဝေသုံးစွဲမှုမပြုမီ နည်းပညာပိုင်းနှင့် မူဝါဒပိုင်းဆိုင်ရာအကောင်အထည်ဖော်နိုင်မှုများကို သေချာစွာလေ့လာဆန်းစစ်နိုင်ရန်နှင့် နိုင်ငံ၏ငွေပေးချေမှုစနစ်အပါအဝင် ငွေရေးကြေးရေးဆိုင်ရာစနစ်သပ်လေ့လာမှုများကိုဆောင်ရွက်နိုင်ရန်၊ ဗဟိုဘဏ်၏မူဝါဒဆိုင်ရာအကောင်အထည်ဖော်မှုများအပြင် နည်းပညာပိုင်းများ၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာများစသည့်အခန်းကဏ္ဍများမှာလည်း အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေသောကြောင့် ဌာနများနှင့်အဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များအကြား CBDC နှင့်စပ်လျဉ်းသည့် လေ့လာထားရှိမှုများကို အမြင်ချင်းဖလှယ်ဆွေးနွေးမှုများ ဆောင်ရွက်နိုင်ရန်တို့အတွက် ယနေ့ ဆွေးနွေးပွဲအား ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင်တွဲဖက်ဘာဝန်ထမ်းဆောင်နေသော ပါမောက္ခဒေါက်တာမင်းသိန်းက “ဗဟိုဘဏ်ဒစ်ဂျစ်တယ်ငွေကြေး” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နိုင်ငံတကာဆက်ဆံရေးဌာန၏ ညွှန်ကြားရေးမှူးဒေါ်နှင်းထက်ထက်ဝင်းက “ဗဟိုဘဏ်ဒစ်ဂျစ်တယ်ငွေကြေးထုတ်ဝေမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုစနစ်နှင့် ထုတ်ဝေမှုစဉ်းစားချက်များ” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Myanmar Payment Union ၏ ဥက္ကဋ္ဌ ဦးမင်းဝင်ဦးက “ဒစ်ဂျစ်တယ်ငွေပေးချေမှုအကြောင်း” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့် ထိုက်က “Protecting Digital Currencies: The Role of Cybersecurity in CBDC” ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Myanmar Information Technology Pte.Ltd ၏ Deputy Managing Director ဦးနေလင်းသန်းက “Digital Transformation in Finance Industry: The Promise of Blockchain Technology” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၏အလုပ်အမှုဆောင် ဒေါ်ပန်းအိဖြူက “Blockchain Enable the Future of Multi-CBDC Cross-border Payments” ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ဖိတ်ကြားထားသည့် ဝန်ကြီးဌာနများနှင့် ပြင်ပအဖွဲ့အစည်းများမှ အဆင့်မြင့်အရာထမ်းများ၊ ပညာရှင်များနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဌာနအသီးသီးမှ တက်ရောက်လာကြသည့် အရာထမ်း/ အမှုထမ်းများက တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ မေးခွန်းများမေးမြန်းခြင်း၊ ဖြည့်စွက်ဆွေးနွေးခြင်းနှင့် ၎င်းတို့၏ လေ့လာတွေ့ရှိချက်များနှင့် အတွေ့အကြုံဗဟုသုတများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခြင်းများကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

(၅၀၀)

အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)၌ လျှပ်စစ်သုံးယာဉ်ဆိုင်ရာ ပြစ်ချက်ရှာဖွေနည်းနှင့် ပြုပြင်ထိန်းသိမ်းမှုသင်တန်း (၂/၂၀၂၄) ဆင်းပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၂၃

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီမှ ချမှတ်ထားသော မူဝါဒဥပဒေနှင့်အညီ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနသည် နိုင်ငံတော်တွင် လျှပ်စစ်သုံးယာဉ်(Electric Vehicle-EV) နည်းပညာကဏ္ဍဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယနေ့နံနက်ပိုင်းတွင် အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)တွင် ကျင်းပသည့် လျှပ်စစ်သုံးယာဉ်ဆိုင်ရာ ပြုပြင်ထိန်းသိမ်းမှုနှင့်ပြစ်ချက်ရှာဖွေနည်းသင်တန်း (၂/၂၀၂၄) ဆင်းပွဲအခမ်းအနားကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဦးစွာ ဒုတိယဝန်ကြီးက ကမ္ဘာကြီး၏ ရေရှည်တည်တံ့မှုကို ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများ၊ အပူချိန်မြင့်တက်လာမှုများစသော စိန်ခေါ်မှုများတွေ့ကြုံလာရပြီဖြစ်ရာ ကမ္ဘာ့လေထုလွှာအတွင်းသို့ လူသားများ၏ စွမ်းအင်အသုံးပြုမှုများမှ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများကို လျှော့ချနိုင်ရေး နိုင်ငံတကာတွင် ၂၀၅၀ ပြည့်နှစ်၌ ကာဗွန်ထုတ်လွှတ်မှုကင်းစင်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ သို့ဖြစ်ရာ မိမိတို့နိုင်ငံတွင်လည်း အခြားနိုင်ငံများနည်းတူ EV ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်ကော်မတီက ၂၀၅၀ ပြည့်နှစ်အထိ မူဝါဒများကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

သင်တန်းဆင်းများအနေဖြင့် မိမိတို့၏ ဌာနနှင့် လုပ်ငန်းခွင်များတွင် အကျိုးရှိစွာ ပြန်လည်အသုံးချရန်၊ ပြန့်ပွားစေရန် သာမက EV သုံးစွဲသည့် ပြည်သူများ၏ လက်ဝယ်အရောက် နည်းပညာများကို ဆက်လက် ဖြန့်ဝေပေးသွားရန် လိုအပ်ကြောင်းတိုက်တွန်းပြောကြားသည်။

ထို့နောက် အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်) ကျောင်းအုပ်ကြီးက သင်တန်းဆရာများထံ ဂုဏ်ပြုလက်မှတ်များနှင့် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ပြီး သင်တန်းသားများကိုယ်စား စက်မှုဝန်ကြီးဌာနမှ သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းသင်တန်းသို့ ဌာနဆိုင်ရာများမှ သင်တန်းသားများနှင့် ပြင်ပ EV Workshop များမှ သင်တန်းသားများပါ တက်ရောက်ခဲ့ပြီး ဩဂုတ်လ ၅ ရက်မှ ၂၃ ရက်အထိ တစ်ပတ်လျှင် ငါးရက်၊ တစ်ရက်လျှင် ၆ နာရီနှုန်းသင်တန်းချိန် ၉၀ နာရီဖြင့် ပို့ချခဲ့ကြောင်း သိရသည်။

(၅၀၀)

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၂) တွင် ရှမ်းယူနိုက်တက် ယူ-၂၀ အသင်းနိုင်ပွဲရရှိ

ရန်ကုန် ဩဂုတ် ၂၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၂)ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ ကျင်းပခဲ့ရာ ရှမ်းယူနိုက်တက် ယူ-၂၀ အသင်းနိုင်ပွဲရရှိခဲ့ပြီး ဧရာဝတီယူနိုက်တက် ယူ-၂၀ အသင်းနှင့် ဒဂုံပေါ် ယူ-၂၀ အသင်းတို့ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၂)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ စလင်းအားကစားကွင်း၌ ရှမ်းယူနိုက်တက် ယူ-၂၀အသင်းနှင့် Junior Lions အသင်းတို့ကစားခဲ့ရာ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ရှမ်းယူနိုက်တက် ယူ-၂၀ အသင်းက ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကာ ရှမ်းယူနိုက်တက် ယူ-၂၀ အသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို ပွဲချိန် ၄၅ မိနစ်တွင် ဟိန်းသန့်က သွင်းယူပေးနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် ရှမ်းယူနိုက်တက် ယူ-၂၀ အသင်းက အနိုင်ရရှိခဲ့သည့်အတွက် ၁၁ ပွဲကစားပြီးချိန်တွင် ကိုးပွဲနိုင် နှစ်ပွဲသရေ ရှုံးပွဲမရှိသေးဘဲ ရမှတ် ၂၉ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၁)နေရာတွင် ဆက်လက်ရပ်တည်လျက်ရှိနေပြီး ရှုံးနိမ့်ခဲ့သည့် Junior Lions အသင်းသည် ၁၁ ပွဲကစားပြီးချိန်တွင် ခုနစ်ပွဲနိုင် သုံးပွဲသရေ တစ်ပွဲရှုံး ရမှတ် ၂၄ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၂)နေရာတွင် ဆက်လက်ရပ်တည်လျက်ရှိနေသည်။

အလားတူ ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းအားကစားကွင်း၌ ဧရာဝတီယူနိုက်တက် ယူ-၂၀ အသင်းနှင့် ဒဂုံပေါ် ယူ-၂၀အသင်းတို့ကစားခဲ့ရာ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး ဒဂုံပေါ် ယူ-၂၀ အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၁၉ မိနစ်တွင် ကျော်စိုးဟိန်းက သွင်းယူပေးနိုင်ခဲ့ပြီး ဧရာဝတီယူနိုက်တက် ယူ-၂၀ အသင်းအတွက်သွင်းဂိုးကို ပွဲချိန် ၃၃ မိနစ်တွင် ဖြိုးသီဟအောင်က သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

စည်သူအောင်



မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၃-၈-၂၀၂၄

ကော့သောင်း	၆	ဒသမ	၀၆	လက်မ	မော်လမြိုင်	၂	ဒသမ	၃၆	လက်မ
မုဒုံ	၃	ဒသမ	၂၇	လက်မ	လပွတ္တာ	၂	ဒသမ	၃၂	လက်မ
မာန်အောင်	၂	ဒသမ	၉၉	လက်မ	ချောင်းဆုံ	၂	ဒသမ	၂၈	လက်မ
သာပေါင်း	၂	ဒသမ	၉၀	လက်မ	နမ့်စန်	၂	ဒသမ	၂၄	လက်မ
ရေး	၂	ဒသမ	၆၄	လက်မ	(ရှမ်းပြည်နယ်တောင်ပိုင်း)				
ဖြူး	၂	ဒသမ	၆၀	လက်မ	ဟိုင်းကြီးကျွန်း	၂	ဒသမ	၂၄	လက်မ

မွေးကင်းစမှ အသက် ၁ နှစ် ၆ လထိ ကလေးငယ်များ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ဗီတာမင်(A) တိုက်ကျွေး

နေပြည်တော် ဩဂုတ် ၂၃

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များရှိ မွေးကင်းစမှ အသက် ၁ နှစ် ၆ လထိ ကလေးငယ်များ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ဗီတာမင်(A) တိုက်ကျွေးခြင်းတို့ကို ယနေ့နံနက်ပိုင်းတွင် နယ်မြေခံဆေးတပ်ရင်း၌ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ တပ်ရင်း/တပ်ဖွဲ့များရှိမွေးကင်းစမှ အသက် ၁ နှစ် ၆ လထိ ကလေးငယ်များနှင့် မိသားစုဝင်များ၊ နယ်မြေခံတပ်မတော်ဆေးတပ်ရင်းမှ ပါရဂူများ/ ဆေးမှူးများနှင့် သူနာပြုများ တက်ရောက်ကြသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်မြေခံတပ်မတော်ဆေးတပ်ရင်းမှ ပါရဂူများနှင့် ဆေးမှူးများက မန္တလေးတပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များရှိ မွေးကင်းစမှ အသက် ၁ နှစ် ၆ လထိ ကလေးငယ် ၁၀၉ ဦးတို့အား ဝက်သက်၊ ကျိုက်သိုး၊ (BCG)၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင် ငါးမျိုးစပ်ကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင်ကာကွယ်ဆေး၊ပိုလီယိုကာကွယ်ဆေးနှင့် ဗီတာမင်(A) များကို ထိုးနှံတိုက်ကျွေးကြသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်နှင့် မန္တလေးတပ်နယ်မှ



တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ကလေးငယ်များအတွက် အမှတ်တရ လက်ဆောင်ပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်ဆေးတပ်ရင်းမှ ပါရဂူများနှင့်ဆေးမှူးများက ကလေးငယ်များအား ကာကွယ်ဆေးနှင့် ဗီတာမင်(A)ထိုးနှံတိုက်ကျွေးပေးစဉ်။

ချောင်းဦးမြို့နယ်ရှိ ပြည်သူ ၂ ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက သတ်ဖြတ်ခဲ့သည်ဟု မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ



နေပြည်တော် ဩဂုတ် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်ရှိ ပြည်သူ ၂ ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက သတ်ဖြတ်ခဲ့ပြီး ချောင်းဦး-ပခုက္ကူ သွား လမ်းခွဲတစ်နေရာ၌ ခြေလက်များ ကြိုးတုပ်ထားသည့်အမျိုးသားရုပ်အလောင်း တစ်လောင်းကို စွန့်ပစ်သွားခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများမှ သတင်းအမှားများ မဟုတ်မမှန်ရေးသား ဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ PDF အမည်ခံအကြမ်းဖက်သမားများသည် အဆိုပါမြို့နယ်များအတွင်းဆက်ကြေးကောက်ခံခြင်း၊ လူသစ်စုဆောင်းခြင်းများ မကြာခဏ လုပ်ဆောင်လေ့ရှိကြောင်း၊ ၎င်းတို့၏လုပ်ရပ်များကို အားပေးထောက်ခံမှုမရှိသူများအား ဒေသန်ဟုစွပ်စွဲ၍ ရက်စက်ယုတ်မာစွာ ဖမ်းဆီးညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ခြင်းများ ကျူးလွန်လျက်ရှိကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်အားပေးတရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် အကြမ်းဖက်သမားများ၏ လုပ်ရပ်များအား ဖုံးကွယ်ရန်နှင့် တပ်မတော်အပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲစေရန်အတွက် အထောက်အထားမရှိသည့် လုပ်ကြံသတင်းများကို ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ရေးသားဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့်ဌင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၂၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "ARAKAL" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ မိချောင်းအိုင်ကျေးရွာနေ သန်းဇော်ဝင်းအား ညနေ ၃ နာရီ ၅ မိနစ်တွင်လည်းကောင်း၊"Zaw Linn Htoot" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီရပ်ကွက်နေ ဇော်လင်းထွဋ်အား ညနေ ၄ နာရီခွဲတွင်လည်းကောင်း၊ "@Moesat May866" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရုပ်ကွက်နေ စုစုတင်အား ည ၆ နာရီခွဲတွင်လည်းကောင်း၊ "@sanphyo" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ဇီးချောင်းကျေးရွာနေ အောင်ဖြိုး(ခ)မှန်ကြီးအား ည ၇ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၈-၂၀၂၄ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်ကွေ	တားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၉၇၅	၃၀၅၅	၃၀၃၀	၂၉၈၅	၃၀၅၅	၃၀၇၀	၃၀၈၀	၃၀၃၅	၃၀၆၅	၃၀၉၀	၃၀၄၅	၃၀၆၀	၃၀၉၅	၃၀၈၀	၃၀၉၅	၃၄၉၅	၅၈၀၀
95 Ron	၃၀၁၅	၃၀၉၅	၃၀၇၀	၃၀၂၅	၃၂၀၀	၃၂၁၀	၃၂၂၅	၃၀၇၅	၃၃၀၅	၃၃၃၅	၃၀၈၅	၃၂၀၀	၃၂၃၅	၃၂၂၀	၃၄၆၀	၆၀၀၀	
HSD (500 ppm)	၂၆၁၀	၂၆၉၀	၂၆၆၅	၂၆၂၀	၂၆၉၀	၂၇၀၅	၂၇၀၅	၂၆၇၀	၂၇၉၅	၂၈၂၅	၂၆၉၀	၂၆၉၅	၂၇၂၅	၂၇၀၅	၂၇၂၅	၃၀၃၀	၅၈၀၀
HSD (50 ppm)	၃၂၀၀	၃၂၈၀	၃၂၅၅	၃၂၃၀	၃၂၈၅	၃၂၉၅	၃၃၀၀	၃၂၆၀	၃၃၉၀	၃၄၂၀	၃၂၇၀	၃၂၈၅	၃၄၂၀	၃၃၀၅	၃၄၂၀	၃၇၂၅	၅၈၀၀
HSD (10 ppm)	၃၂၀၀	၃၂၈၀	၃၂၅၅	၃၂၃၀	၃၂၈၅	၃၂၉၅	၃၃၀၀	၃၂၆၀	၃၃၉၀	၃၄၂၀	၃၂၇၀	၃၂၈၅	၃၄၂၀	၃၃၀၅	၃၄၂၀	၃၇၂၅	၅၈၀၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြား နိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၉၃၆၁၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၈၁၉	၂၉၀၉
95 Ron	၂၉၅၅	၃၀၄၈
HSD (500 ppm)	၂၄၆၄	၂၅၁၄
HSD (50 ppm)	၃၀၃၇	၃၁၂၈
HSD (10 ppm)	၃၀၃၇	၃၁၂၈

ပြည်ပမှ စက်သုံးဆီတင်သင်္ဘောများ အစီအစဉ်အတိုင်း ဆိုက်ကပ်လျက်ရှိပြီး ပုံမှန်ဖြန့်ဖြူးမှုအပြင် တိုးမြှင့်ဖြန့်ဖြူးမှုကြောင့် အရောင်းဆိုင်များ၏ဖြန့်ဖြူးမှု ပုံမှန်အခြေအနေသို့ရောက်ရှိခဲ့ပြီး စက်သုံးဆီစျေးနှုန်းများလည်း ယခင်ထက်လျော့နည်းကျဆင်း



ဆီတင်သင်္ဘောများ သီလဝါဒေသရှိ Terminal များတွင် စက်သုံးဆီချယူဖြည့်တင်းမှုအခြေအနေ။



ဆီတင်ယာဉ် (Bowser)များ Terminal များတွင် ဆီဖြည့်တင်းမှုအခြေအနေ။



ဆီတင်ယာဉ် (Bowser) များဖြင့် အရောင်းဆိုင်များတွင် စက်သုံးဆီဖြည့်တင်းမှု အခြေအနေ။

နေပြည်တော် ဩဂုတ် ၂၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီသည် ပြည်တွင်းစက်သုံးဆီလက်ကျန်အခြေအနေအရ ဖူလုံစွာဖြန့်ဖြူးနိုင်ရန်အတွက် ပြည်ပမှ စက်သုံးဆီတင်သင်္ဘောများအား Shipment Plan အစီအစဉ်အတိုင်း အဆက်မပြတ်ဝင်ရောက်နိုင်ရန်အတွက် စီမံဆောင်ရွက်လျက်ရှိရာ ဩဂုတ်လ ၂၂ ရက်တွင် ရန်ကုန်မြစ်ဝ Pilot ၌ ဆီတင်သင်္ဘောခြောက်စင်း ရောက်ရှိအသင့်စောင့်ဆိုင်းလျက်ရှိသည့်အပြင် သီလဝါဆိပ်ကမ်းဒေသရှိ Jetty များတွင်လည်း သင်္ဘောလေးစင်းရောက်ရှိဆိုက်ကပ်၍ ဒီဇယ်ဆီတန် ၇၀၀၀၀ ကျော်နှင့် ဓာတ်ဆီ တန် ၁၁၀၀၀ ကျော်အား သိုလှောင်ကန်များတွင် ချယူဖြည့်တင်းလျက်ရှိသည့်အပြင် ထပ်မံဝင်ရောက်လာမည့် ဆီတင်သင်္ဘောများလည်း အစီအစဉ်တိုင်း ဝင်ရောက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့်အပြင် တိုင်းဒေသကြီး/ပြည်နယ်များသို့ ပို့ဆောင်မည့် ဆီတင်ယာဉ် Bowser များ အချိန်မီထွက်ခွာနိုင်ရေး သီလဝါသိုလှောင်ကန်စခန်းများရှိ ဆီဖြည့်တင်းပေးမှုများ အဆင်ပြေချောမွေ့စေရေးတို့ကိုလည်း ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံအနှံ့အပြားတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လမ်းခရီးအခြေအနေအရ စက်သုံးဆီများ သယ်ယူပို့ဆောင်မှု ပုံမှန်ထက်အနည်းငယ်နှောင့်နှေးကြန့်ကြာမှုကြောင့် အဓိကအားဖြင့် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ စက်သုံးဆီ အရောင်းဆိုင်အချို့တွင် ယာဉ်တန်းစီဝယ်ယူမှုများဖြစ်ပေါ်ခြင်းအား လျော့နည်းသွားစေရန်နှင့် အရောင်းဆိုင်များတွင် ဆီပြတ်လပ်မှုမရှိစေရန်အတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဆိုင် ၁၀၀ ခန့်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ဆိုင် ၂၀၀ ခန့်၊ မန္တလေးတိုင်းဒေသကြီးရှိ ဆိုင် ၇၀၀ ခန့်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ဆိုင် ၂၅၀ ခန့်တို့အပါအဝင် နိုင်ငံတစ်ဝန်းအရောင်းဆိုင် ၃၀၀၀ ကျော်တို့သို့ ဆီတင်ယာဉ် ၁၀၀၀ကျော်အထိ တိုးမြှင့်ဖြန့်ဖြူးပေးလျက်ရှိပြီး လိုအပ်သည့်အရောင်းဆိုင်များသို့ အရေးပေါ် Urgent နှင့် အထူး Special အစီအစဉ်တို့ဖြင့်လည်း ထပ်တိုးဖြန့်ဖြူးခဲ့ရာ ယနေ့အထိ ဓာတ်ဆီနှင့် ဒီဇယ်ဆီ စုစုပေါင်းဂါလန် သုံးသန်းခန့် ပိုမိုဖြန့်ဖြူး ပေးခဲ့သည့်အပြင် ဆီတင်ယာဉ်(Bowser)များ အရောင်းဆိုင်များသို့အချိန်မီရောက်ရှိ ဖြည့်တင်းနိုင်မှုတို့ကြောင့် ယခုရက်ပိုင်းအတွင်း ယာဉ်တန်းစီဝယ်ယူမှုများ လျော့နည်းကျဆင်းကာ ပုံမှန်ဝယ်ယူမှုအခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့ပြီး ဆက်လက်တိုးမြှင့်ဖြန့်ဖြူးပေးရန်စီစဉ်လျက်ရှိသည်။

ထို့ပြင် အရောင်းဆိုင်များတွင်ရောင်းချလျက်ရှိသည့် စက်သုံးဆီအမယ်လိုက် စျေးနှုန်းများသည်လည်း ယမန်နေ့ထက် အသီးသီးလျော့နည်းကျဆင်းလျက်ရှိကြောင်းနှင့် ပြည်ပမှစက်သုံးဆီများ အဆက်မပြတ်ဝင်ရောက်လျက်ရှိပြီး ကောလာဟလများကြောင့် အများပြည်သူများလိုအပ်သည်ထက်ပိုမို၍ ဝယ်ယူမှုများပြားသည့်အတွက် လိုအပ်သလောက်သာဝယ်ယူကြရန်နှင့် အရေးကြီးအသုံးများသည့်အရောင်းဆိုင်များသို့လည်း ပုံမှန်ဖြန့်ဖြူးမှုထက်ပိုမိုဖြန့်ဖြူးပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေး စကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်စဉ်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်ထွေး ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်စဉ်။

နေပြည်တော် ဩဂုတ် ၂၃

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)တို့၌ တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားများအား ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့်တာဝန်ရှိသူများကသွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေး စကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

Mpox (မျောက်ကျောက်)ရောဂါ ကာကွယ်ရေးနှိုးဆော်ချက်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ (၂၀၂၄) ခုနှစ်၊ ဩဂုတ်လ(၁၄)ရက်နေ့တွင် Mpox (မျောက်ကျောက်) ရောဂါကူးစက်မှုအား နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ပါသည်။

ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ

- ရောဂါပိုးရှိသူနှင့်လိင်ဆက်ဆံခြင်းမှ ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် အရေပြားချင်းထိတွေ့ခြင်း၊ နမ်းရှုပ်ခြင်း၊ ပွေ့ဖက်ခြင်းတို့မှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် မျက်နှာချင်းဆိုင် အနီးကပ်တွေ့ဆုံခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊ (စကားပြောခြင်း၊ အသက်ရှူခြင်း)
- ရောဂါပိုးရှိသူ၏ အနာများ၊ အညစ်အကြေးများနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးများ ကပ်တင်ကျန်နေသည့် အသုံးအဆောင်ပစ္စည်းများ၊ မျက်နှာပြင်များကို လက်ဖြင့် ကိုင်တွယ်ထိတွေ့ခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊
- မသန့်ရှင်းသောဆေးထိုးအပ်နှင့်ဆေးရုံသုံးပစ္စည်းများမှတစ်ဆင့် ကူးစက်ခြင်း၊
- Mpox ဗိုင်းရပ်စ်ရောဂါပိုးကူးစက်ခံထားရသည့် တိရစ္ဆာန်များနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- မိခင်မှကလေးသို့ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီးနောက်တွင် ကူးစက်ခြင်း၊

ရောဂါပျိုးရက်

- ရောဂါပိုးစတင်ဝင်ရောက်ပြီး (၁)ရက်မှ (၂၁) ရက်အတွင်း ရောဂါလက္ခဏာများ စတင်ဖြစ်ပွားနိုင်ပါသည်။

သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ

- မျက်နှာ၊ ပါးစပ်၊ လက်နှင့် ခြေထောက်၊ ခန္ဓာကိုယ်၊ စအိုဝန်းကျင်နှင့် လိင်အင်္ဂါများတွင်အနီကွက်များထွက်ခြင်း၊ အရည်ကြည်ဖုများပေါက်ခြင်း၊
- ဖျားခြင်း (>38.5 °C)၊
- အကြိတ်များရောင်ရမ်းခြင်း၊
- လည်ချောင်းနာခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ ကျောအောင့်ခြင်း၊
- မောပန်းနွမ်းနယ်ခြင်း၊

(လွန်ခဲ့သည့်(၂၁)ရက်အတွင်း ရောဂါပိုးတွေ့ရှိရာ နိုင်ငံ/ဒေသများမှ ပြန်လည်ဝင်ရောက်လာသူ များတွင် အထက်ပါလက္ခဏာများဖြစ်ပွားလာပါက ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ရန် လိုအပ်ပါသည်။)

ကာကွယ်နိုင်မည့် နည်းလမ်းများ

- Mpox (မျောက်ကျောက်) ရောဂါလက္ခဏာခံစားနေရသူနှင့် အရေပြားချင်းထိတွေ့ခြင်း၊ မျက်နှာချင်းဆိုင် အနီးကပ်ထိတွေ့ခြင်း၊ လိင်ပိုင်းဆိုင်ရာထိတွေ့ဆက်ဆံခြင်းများကို ရှောင်ကြဉ်ပါ။
- အနီးကပ်ထိတွေ့မှုကို ရှောင်လွှဲ၍မရပါက လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း (Mask) ကို တပ်ဆင်ပါ။
- သံသယရောဂါလက္ခဏာခံစားနေရသူ၏ အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ရာတွင် လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း (Mask) ကိုတပ်ဆင်ခြင်းကို ပြုလုပ်ပါ။
- လက်ကို ဆပ်ပြာနှင့်ရေ သို့မဟုတ် အယ်လ်ကိုဟောအနည်းဆုံး (၆၀%) ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည် အသုံးပြု၍ စနစ်တကျဆေးကြောပါ၊ လက်မဆေးဘဲ ပါးစပ်၊ နှာခေါင်း နှင့်မျက်လုံးများကို ကိုင်တွယ်ခြင်းမပြုပါနှင့်၊
- တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးကောင်းမွန်စေရန် ဆောင်ရွက်ပါ၊
- နှာချေ၊ ချောင်းဆိုးသည့်အခါတွင် လက်ကိုင်ပဝါ သို့မဟုတ် တံတောင်ကွေးဖြင့် လုံခြုံစွာ ဖုံးအုပ်ပါ၊
- အသုံးအဆောင်ပစ္စည်းများ (အိပ်ရာခင်း၊ မျက်နှာသုတ်ပဝါ၊ အဝတ်အထည်စသည့်...)များကို ရေ၊ ဆပ်ပြာနှင့် စနစ်တကျ လျှော်ဖွပ်၍ အသုံးပြုပါ၊
- တိရစ္ဆာန်များကို အကာအကွယ်မပါဘဲ မထိတွေ့ပါနှင့်၊ အသားများကိုကျက်အောင်ချက်ပြုတ် စားပါ၊

Mpox (မျောက်ကျောက်) ရောဂါလူနာနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်း (သို့မဟုတ်) ရောဂါသံသယ လက္ခဏာများခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပေးပို့၍ လိုအပ်သော စစ်ဆေးစမ်းသပ်မှုနှင့်ကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန
ဩဂုတ်လ၊ ၂၀၂၄



ဖခင်အမည်မှန်
ဇရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ အထက(ငပုတော)။ Grade-12(D) မှ စောဆဲသိဖိုး၏ဖခင်အမည်မှန်မှာ ဦးဖိုးဦးဦ ၁၄/ငပတ(နိုင်)၀၃၆၀၂၅ ဖြစ်ပါကြောင်း။ **ဦးဖိုးဦး**

ပျောက်ဆုံးကြောင်း
အောင်နေထွန်း(ဘ)ဦးအုန်းထွန်း ၇/သဝတ(နိုင်)၁၀၀၉၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၅၂**

ပျောက်ဆုံးကြောင်း
မင်းအောင်(ဘ)ဦးအောင်သန်း ၁၀/မဒန(နိုင်)၂၃၁၀၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၈၉၃၀၉၇**

ပျောက်ဆုံးကြောင်း
ဦးစိုးနိုင်(ဘ)ဦးငွေ ၁၀/မဒန(နိုင်)၀၆၀၅၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၀၉၈၈၆၉၇**

ပျောက်ဆုံးကြောင်း
တင်မောင်မြင့်(ဘ)ဦးတင်မြင့် ၁၀/မလမ(နိုင်)၂၀၆၄၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၅၅၈၂၀**

ပျောက်ဆုံးကြောင်း
မောင်မင်းအောင်(ဘ)ဦးအထိုင် ၁၀/ကမရ(နိုင်)၁၇၆၀၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၉၇၀၅၁၂၉၇**

ပျောက်ဆုံးကြောင်း
တောင်ဒဂုံမြို့နယ်၊ (၂၀)ရပ်ကွက်၊ ကန်တော်မလိပ်လမ်း၊ အမှတ်(၂၃၈)နေ ဟိန်းသက်ဦး(ဘ)ဦးထွန်းအောင် ၁၂/ဒဂတ(နိုင်)၁၂၅၃၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 755505) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆**

ပျောက်ဆုံးကြောင်း
ဆင်ပေါင်ဝဲမြို့နယ်၊ ထောက်မကျေးရွာနေ စံပြည့်အောင်(ဘ)ဦးကျော်ဆန်း ၈/ဆပဝ(နိုင်)၁၂၅၅၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MH 939359)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၆၂**

ပျောက်ဆုံးကြောင်း
ဆင်ပေါင်ဝဲမြို့နယ်၊ ထောက်မကျေးရွာနေ မချိုအေး(ဘ)ဦးစိုးဖြင့် ၇/ညလပ(နိုင်)၁၃၅၉၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၆၀၃၆၁၃၃၈**

ပျောက်ဆုံးကြောင်း
ဆင်ပေါင်ဝဲမြို့နယ်၊ ထောက်မကျေးရွာနေ ဝင်းဒွေဝင်း ၁၀/ခဆန(နိုင်)၁၀၉၈၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၀၀၀၁၃၁**

ပျောက်ဆုံးကြောင်း
ဆင်ပေါင်ဝဲမြို့နယ်၊ ထောက်မကျေးရွာနေ ဝင်းဗိုလ်(ဘ)ဦးတင်စိုး ၈/ဆပဝ(နိုင်)၀၉၁၂၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MH 868408)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၂**

ပျောက်ဆုံးကြောင်း
ဆင်ပေါင်ဝဲမြို့နယ်၊ ထောက်မကျေးရွာနေ ဝင်းဗိုလ်(ဘ)ဦးတင်စိုး ၈/ဆပဝ(နိုင်)၀၉၁၂၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MH 519484)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၂**

ပျောက်ဆုံးကြောင်း
သူဇာထွေး(ဘ)မြင့်ဆွေ ၇/ပခန(နိုင်)၂၇၀၉၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၆၀၄၉၂၈၀၀**

ပျောက်ဆုံးကြောင်း
မမျိုးမျိုးလှိုင်(ဘ)ဦးဇော်မြင့် ၇/ရတရ(နိုင်)၂၀၁၉၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၆၄၂၇၃၀၆**

သစ်တောထိန်းသိမ်း တောတွေစိမ်းမှ ငြိမ်းချမ်းပြည်ရွာ နိုင်ငံသား၏

တစ်ဦးတည်းဖြစ်ကြောင်း
ဇရာဝတီတိုင်းဒေသကြီးဖွဲ့နယ်သမိန်ထော၊ အ.ထ.က၊ Grade-12(B) မှ မအိမေဇော်ထိုက်၏ဖခင် ၁၄/ဖပန(နိုင်)၁၄၂၆၆၂ ကိုင်ဆောင်သူဦးမောင်ဇော်(ခ) ဦးဇော်မင်းထိုက်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမောင်ဇော်(ခ)ဦးဇော်မင်းထိုက်**

ပျောက်ဆုံးကြောင်း
ခင်မိမိဇော်(ဘ)ဦးထွန်းရွှေ၅/ကလထ(နိုင်)၂၉၀၁၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG676466)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၈၈၃၀၇၀၁၀၈၅**

အမည်ပြောင်း
ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ အ.ထ.က(ခွဲ)ငွေးကုန်းကျောင်း၊ Grade-6 မှ (ဘ)ဦးအောင်မိုး၏ သားမောင်စစ်ဘုန်းသျှန်အား မောင်ခွဲထက်နိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ခွဲထက်နိုင်**

ပျောက်ဆုံးကြောင်း
အိရွှေဇင်ငင်း(ဘ)ဦးသန်းဇော်ဝင်း ၁၀/ဘလန(နိုင်)၁၈၂၀၃၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၈၉၂၀၁၄၄၀၉**

ပျောက်ဆုံးကြောင်း
ခင်ယုဝေ(ဘ)ဦးစိုးမြင့် ၁၀/ဘလန(နိုင်)၁၇၈၇၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၅၉၆၇၂၄၅၀**

ပျောက်ဆုံးကြောင်း
သဲဖြူဖြူနိုင်(ဘ)ဦးမြင့်နိုင် ၁၀/မဒန(နိုင်)၂၂၄၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၄၆၂၂၄၃၄**

ပျောက်ဆုံးကြောင်း
ဆင်ပေါင်ဝဲမြို့နယ်၊ ထောက်မကျေးရွာနေ ကျော်သူ(ဘ)ဦးသန်းထွေး ၈/ဆပဝ(နိုင်)၁၀၄၁၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 877869) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၅၂**

ဖခင်အမည်မှန်
နတ်မောက်မြို့၊ အ.ထ.က(အောင်ဆန်း) Grade-10 မှ မောင်ဇော်ထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ကြည် ၈/နမန(နိုင်)၀၃၈၈၃၂ ဖြစ်ပါကြောင်း။ **ဦးခင်မောင်ကြည်**

ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ဆတ်သွား အ.ထ.က Grade-12(C) မှ မောင်စိုင်းဝဏ္ဏအောင်၏ဖခင် ဦးဘိုမြင့်၏ အမည်မှန်မှာ ဦးမြင့်နိုင်၈/တဘက(နိုင်)၀၈၂၃၈၇ ဖြစ်ပါကြောင်း။ **ဦးမြင့်နိုင်**

ဖခင်အမည်မှန်
တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့-အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း Grade-12 မှ နော်ဒြေထွေးနှင့် Grade-11 မှ နော်မယ်ရီစတားတို့၏ဖခင်အမည်မှန်မှာ ၆/တသရ(နိုင်)၀၀၄၅၀၄ ဦးစောသန်းရွှေဖြစ်ပါကြောင်း။ **ဦးစောသန်းရွှေ**

ပျောက်ဆုံးကြောင်း
ဆင်ပေါင်ဝဲမြို့နယ်၊ ထောက်မရွာနေ စံပြည့်အောင်(ဘ)ဦးကျော်ဆန်း ၈/ဆပဝ(နိုင်)၁၂၅၅၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MH 939359)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၆၂**

ပျောက်ဆုံးကြောင်း
ဆင်ပေါင်ဝဲမြို့နယ်၊ ထောက်မကျေးရွာနေ ဝင်းဗိုလ်(ဘ)ဦးတင်စိုး ၈/ဆပဝ(နိုင်)၀၉၁၂၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MH 868408)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၂**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
ကြော်ငြာစာအမှတ်(၁/၂၀၂၄)
(၂၀၂၄ ခုနှစ် ဩဂုတ်လ ၇ ရက်)
လျှောက်လွှာခေါ်ယူခြင်း

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက် လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၄ ခုနှစ် ဇွန်လ(၃၀)ရက်နေ့တွင် အသက်(၂၈)နှစ်မကျော်လွန်စေရ။

(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင် ရယူနိုင်ပါသည်-

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

(ဃ) ရတနာပုံသတင်းစာတိုက်

၄။ လျှောက်လွှာများကို ၇-၈-၂၀၂၄ ရက်မှ ၂၉-၈-၂၀၂၄ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၉ ရက်နှင့် ၃၀ ရက်တို့၌ ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

နေပြည်တော် ဖုန်း - ၀၆-၄၃၀၂၉၈၂၀၊ ၀၆-၄၂၂၁၉၂၁၀၊ ၀၆-၂၅၀၀၀၈၈၅၄၊ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈

ရန်ကုန် ဖုန်း - ၀၆-၄၀၃၇၀၃၅၅၉

မန္တလေး ဖုန်း - ၀၆-၆၈၈၈၈၃၅၅၈၊ ၀၆-၄၀၁၆၀၅၀၈၅၁

ပြောက်ဆုံးကြောင်း

ခင်မောင်မြင့်(ဘ)ဦးလူခင် ၉/မကန(နိုင်)၀၂၉၃၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၆-၉၇၄၀၅၃၂၇

ပြောက်ဆုံးကြောင်း

တင်တင်မြင့်(ဘ)ဦးမြို့၉/မကန(နိုင်)၀၂၉၃၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 212746)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၆-၉၇၄၀၅၃၂၇

ပြောက်ဆုံးကြောင်း

မေသဇင်သန်း(ဘ)ဦးမောင်သန်း ၁၂/မဂတ(နိုင်)၀၈၄၄၅၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 980213)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၆-၂၅၀၂၈၂၅၅၇**

ပြောက်ဆုံးကြောင်း

မြင့်နိုင်(ဘ)ဦးခလေးကြီး ၁၂/တကန(နိုင်)၀၈၃၀၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(632219)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၆-၄၂၉၅၆၃၄၄၉

ပြောက်ဆုံးကြောင်း

နန္ဒာဇော်လင်း(ဘ)ဦးအောင်ထွေး၉/တကန(နိုင်)၂၃၇၄၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၆-၄၄၃၁၆၆၅၁

ပြောက်ဆုံးကြောင်း

သူသူဇင်(ဘ)ဦးထွန်းနိုင်ဦး ၇/လပတ(နိုင်)၁၅၆၃၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 427912)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၆-၇၅၅၀၈၀၂၅၅

ပြောက်ဆုံးကြောင်း

မောင်ဝမ်းဖိုက်(ဘ)ဦးခင်စိုး ၇/လပတ(နိုင်)၁၆၃၇၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 427914)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၆-၇၅၅၀၈၀၂၅၅

ပြောက်ဆုံးကြောင်း

မွေးမွေးသင်း(ဘ)ဦးကြည်ခိုင် ၁၄/မအန(နိုင်)၂၃၇၇၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 423481)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၆-၄၄၃၁၆၆၅၁

ပြောက်ဆုံးကြောင်း

ယုယုနိုင်(ဘ)ဦးကျော်သန်းဦး ၉/တသန(နိုင်)၂၃၃၈၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၆-၄၄၃၁၆၆၅၁

ပြောက်ဆုံးကြောင်း

ထက်ထက်လင်း(ဘ)ဦးသန်းဦး ၁၄/ပသန(နိုင်)၃၁၀၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 261485)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၆-၇၅၁၁၀၃၁၅၅**

ပြောက်ဆုံးကြောင်း

နော်ဖေဒီးလား(ဘ)ဦးအားနေ ၁၂/ထကန(နိုင်)၁၇၉၅၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 569932)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၆-၇၆၉၈၄၇၄၃၉**

ပြောက်ဆုံးကြောင်း

နော်ထူးလှိုင်(ဘ)ဦးကျော်လှိုင် ၇/သဝတ(နိုင်)၀၈၆၂၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၆-၄၂၆၇၇၉၂၅

ပြောက်ဆုံးကြောင်း

ထက်ထက်ဦး(ဘ)ဦးမင်းဦး ၁၀/ပမန(နိုင်)၁၉၁၄၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 395666)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၈၉၈၇၆၆၇၅

ပြောက်ဆုံးကြောင်း

ရန်ပိုင်စိုး(ဘ)ဦးစိုးမြင့် ၈/တတက(နိုင်)၂၅၀၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၅၁

ပြောက်ဆုံးကြောင်း

နှင်းစုပိုင်(ဘ)ဦးတင်ကိုကို ၁၃/ဟပန(နိုင်)၁၀၇၈၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၆၂၃၃၀၁**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း
ပထမနှစ်သင်တန်း ဝင်ခွင့်လျှောက်လွှာ ခေါ်ယူခြင်း

၁။ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ သိပ္ပံဘွဲ့(သစ်တောပညာ) B. Sc Forestry၊ (၄)နှစ်သင်တန်းသို့ တက်ရောက်သင်ကြားခွင့်ရရှိရန် အတွက် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများလျှောက်ထားနိုင်သည်။

၂။ အမျိုးသားဦးရေနှင့် အမျိုးသမီးဦးရေကို ၈၀:၂၀ ဖြင့်လက်ခံမည်။ စုစုပေါင်း(၈၀)ဦးလက်ခံမည်။

၃။ ဝင်ခွင့်လျှောက်ထားသူသည်-

(က) တက္ကသိုလ်ဝင်ခွင့်လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့် ကိုက်ညီသောနိုင်ငံသားဖြစ်ရမည်၊

(ခ) ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် STEAMS – 1 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သခ္ခါ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ)ဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် စုစုပေါင်း ရမှတ် ၃၅၀ မှတ်နှင့်အထက်ရရှိသူဖြစ်ရမည်၊

(ဂ) တက္ကသိုလ်ဝင်ခွင့်ရရှိပါက သက်ဆိုင်ရာဘာသာရပ်များနှင့်ပတ်သက်၍ တောတွင်းလက်တွေ့ကွင်းဆင်းဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေး(က)အဆင့်ရှိပြီး ကိုယ်လက်အင်္ဂါပြည့်စုံသူဖြစ်ရမည်၊

(ဃ) တက္ကသိုလ်မှချမှတ်သော စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။

၄။ ပထမဝင်ခွင့်လျှောက်လွှာသတ်မှတ်ပုံစံမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပြီး မိမိအစီအစဉ်ဖြင့်(A-4 Size)စာရွက်ဖြင့် ကွန်ပျူတာစာစီ၍ သတ်မှတ်ရက်အတွင်း တိုက်ရိုက်လျှောက်ထားရန်ဖြစ်ပါသည်။

၅။ ပထမနှစ်ဝင်ခွင့်လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအထောက်အထားများပူးတွဲတင်ပြရမည်-

(က) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ထောက်ခံချက်(မိတ္တူ) (ကျောင်းအပ်သည့်အချိန်တွင် မူရင်းတင်ပြရမည်)၊

(ခ) ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်အမှတ်စာရင်း(မိတ္တူ) (ကျောင်းအပ်သည့်အချိန်တွင် မူရင်းတင်ပြရမည်)၊

(ဂ) ပြစ်မှု/ပြစ်ဒဏ်ကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲစခန်းသို့မဟုတ် ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက်(မူရင်း)၊

(ဃ) လျှောက်ထားသူနှင့် မိဘနှစ်ပါးတို့၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)၊

(င) လိုင်စင်ဓာတ်ပုံ ၄ ပုံ။

၆။ လျှောက်လွှာကို စာပို့ဒ်အမှတ်(၅)ပါအထောက်အထားများနှင့်အတူ ၄-၁၀-၂၀၂၄ ရက်(သောကြာနေ့)နောက်ဆုံးထား၍ သင်တန်းရေးရာဌာနခွဲ၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်သို့လိပ်မူ၍ စာတိုက်သေတ္တာအမှတ် ၁၅၀၅၀၁(သို့မဟုတ်) Email လိပ်စာ ufes.registrar@gmail.com သို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက်နောက်ကျသော လျှောက်လွှာများ၊ မပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မမှန်မကန်ဖော်ပြ၍လျှောက်ထားကြောင်း စစ်ဆေးတွေ့ရှိပါက ရွေးချယ်ခြင်းခံရစေကာမူ ပယ်ဖျက်ခြင်း၊ တက္ကသိုလ်မှထုတ်ပယ်ခြင်းခံရမည်။

၇။ အကယ်၍ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်းသို့ဝင်ခွင့်မရရှိပါက တက္ကသိုလ်ဝင်ခွင့် ဆုံးရှုံးမှုမဖြစ်စေရန်အတွက် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့က ကြေညာသတ်မှတ်ထားသောနည်းလမ်းအတိုင်း တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်ဖြင့် အခြားတက္ကသိုလ်များသို့လည်း လျှောက်ထားရန်လိုအပ်မည်ဖြစ်သည်။

၈။ ပဏာမရွေးချယ်ခံရသူများစာရင်းနှင့် ကျောင်းဖွင့်မည့်အချိန်ကို ထပ်မံအသိပေးကြေညာမည်ဖြစ်သည်။

၉။ အသေးစိတ်သိရှိလိုပါက သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း၊ ဖုန်း-၀၆၇၃၄၁၆၆၃၁ (သို့မဟုတ်)၀၆၇၃၄၁၆၅၁၉ ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါကြောင်းနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ Website ဖြစ်သော https:// www.monrec.gov.mm တွင် ကြည့်ရှုရယူနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လျှောက်လွှာသတ်မှတ်ပုံစံ
သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း
ပထမနှစ်ဝင်ခွင့်လျှောက်လွှာ
(၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက်သာ)

လိုင်စင်ဓာတ်ပုံ ကပ်ရန်

၁။ အမည်(အပြည့်အစုံ) ----------

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------

၃။ လူမျိုး ---------- ၄။ ကိုးကွယ်သည့်ဘာသာ ----------

၅။ မွေးသက္ကရာဇ်(တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်တောင်းခံစဉ်အတိုင်း) ----------

၆။ အဖအမည်- ---------- အလုပ်အကိုင်/ ရာထူး/ ဌာန ----------

နေရပ်လိပ်စာ ---------- ဖုန်းနံပါတ် ----------

အမိအမည်- ---------- အလုပ်အကိုင်/ ရာထူး/ ဌာန ----------

နေရပ်လိပ်စာ ---------- ဖုန်းနံပါတ် ----------

၇။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ခုံအမှတ် ---------- ခုနှစ် ----------

စာစစ်ဌာန ----------

၈။ ဝင်ခွင့်လျှောက်ထားသူ၏ ဆက်သွယ်ရန်လိပ်စာ ----------

ဖုန်းနံပါတ် ---------- Email ----------

၉။ **ဝန်ခံချက်**

အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ပါကြောင်း တာဝန်ယူဝန်ခံချက် လက်မှတ်ရေးထိုးပါသည်။

မိဘ/ အုပ်ထိန်းသူ	ဝင်ခွင့်လျှောက်ထားသူ
လက်မှတ် ----------	လက်မှတ် ----------
အမည် ----------	အမည် ----------
ရက်စွဲ ----------	ရက်စွဲ ----------


တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ



ရွာသာကြီး Dry Port ၌ဖမ်းဆီးရမိမှု။



ကရင်ပြည်နယ်၌ဖမ်းဆီးရမိမှု။



ရန်ကုန်လေဆိပ်(ကုန်လှောင်ရုံ)၌ ဖမ်းဆီးရမိမှု။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



ပဲခူးတိုင်းဒေသကြီး၌ဖမ်းဆီးရမိမှု။



ကရင်ပြည်နယ်၌ဖမ်းဆီးရမိမှု။

နေပြည်တော် ဩဂုတ် ၂၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **ဩဂုတ်လ ၂၁ ရက်**တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် Life PO4 Battery (3000 AH) (၂) လုံး၊ Hybrid Solar Inverter အလုံး(၅၀)၊ Artificial Leather Rolls (PVC) (၂၅) ကီလိုဂရမ်ပါ အလိပ်(၅၀) ၊ Orange Single Wheel with Iron Tube and Accessory (၁၄၅၀)၊ တရုတ်နိုင်ငံထုတ် PVC ပိုက်ကပ်ကော်ဘူး(၇၂၀)၊ Plastic Resin (၂၅)ကီလိုဂရမ်ပါ (၁၂)အိတ်၊ Plastic White Powder ဖိနပ်ကပ်ကော်မှုန့် (၂၅) ကီလိုဂရမ်ပါ အိတ်(၆၀)၊ တရုတ်နိုင်ငံထုတ် Ball Bearing (၄၁၄၀)ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်း(၁၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၈၇၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် King Long Bus (၁) စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၅၈၇၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဩဂုတ်လ ၂၁ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်လေဆိပ် (ကုန်လှောင်ရုံ)၌ တင်သွင်းသည့်နိုင်ငံကွဲလွဲနေသော အိန္ဒိယနိုင်ငံထုတ် Human Hairs ကီလိုဂရမ်(၅၈၀၀) အပါအဝင်ကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၅၈၈၀၅၅) ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် (၁)စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် PVC Resin (၂၅) ကီလိုဂရမ်ပါအိတ်(၃၈၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၇၈၈၅၅)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ်လ ၂၁ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လပွတ္တာခရိုင်နှင့် မြန်အောင်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (သုည ဒသမ ၁၆၄)တန်၊ အခြားသစ်(၅ ဒသမ ၇၆၉)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၃၄၆၆)နှင့် အဆိုပါသစ်များ တင်ဆောင်ထားသည့် စက်လှေ(၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၇၃၄၆၆)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ်လ ၂၁ ရက်တွင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပလိပ်မြို့မြို့အဝင်စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် စက်ဘီး (၇၈)ဘီး အပါအဝင် လူသုံးကုန်ပစ္စည်း(၁၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၉၃၇၅၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ စဉ့်ကိုင်မြို့ မြို့အဝင်စစ်ဆေးရေးဂိတ်အနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် စက်ဘီး (၃၇၀)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)နှင့် Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၁၃၀၀၀၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် **ဩဂုတ်လ ၂၂ ရက်**တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့နယ် အေးရိပ်ငြိမ်ရပ်ကွက် ဒေသငါးဖမ်းလှေဆိပ်၌ စုပုံထားသော အကောက်ခွန်မဲ့ပစ္စည်းများဖြစ်သည့် ထိုင်းနိုင်ငံထုတ် Digital အမှတ်တံဆိပ်ပါ ကြွေပြား(၈၂၅)ချပ်အပါအဝင် ကုန်ပစ္စည်း(၆)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၆၇၅၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဩဂုတ်လ ၂၂ ရက်**တွင် တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် (သုည ဒသမ ၈၃၀) တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ဂုဝဝ၄၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **ဩဂုတ်လ ၂၃ ရက်**တွင် ပဲခူးခရိုင်အတွင်း၌ လိုင်စင်မဲ့ Toyota Succeed မော်တော်ယာဉ်(၁)စီးနှင့် Honda Fit မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် (၂ ဒသမ ၈၅၂)တန်၊ သစ်မာ (၁ ဒသမ ၄၅၀)တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၃၄၂၄၄)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၇၂၆၂၄)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် လ ၂၁ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၃၀)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၈၀၀၅၅၄)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

(သတင်းစဉ်)

မရမ်းကုန်းမြို့နယ်တွင် ငွေကျပ်သိန်း ၂၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၅ သိန်း ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၃

ဩဂုတ်လ ၁၉ ရက်နေ့ ၁၅၀၀ အချိန် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ဂန္ဓမာလမ်းပေါ်တွင် ဗိုလ်ဗလ(ခ)ဗလ မောင်းနှင်ပြီး စိုင်းနော်ခမ်း လိုက်ပါလာသည့် SUCCEED အမျိုးအစား မော်တော်ယာဉ်ကိုရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၀၀၀၀ ပြားသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ၁၈၃၀ အချိန် စိတ်ကြွရူးသွပ်ဆေးပြားများသယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ အောင်မင်းထွန်း(ခ)အောင်ကြီးအား လမ်းမတော်မြို့နယ်၊ (၉)ရပ်ကွက်၊ ဘိုးရာဇာလမ်းရှိ နေအိမ်တွင်လည်းကောင်း၊ ဩဂုတ်လ ၂၀ ရက်နေ့ ၁၄၃၀ အချိန် စိုင်းခေး(ခ)စိုင်းစံမီးအား တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက်(၆)တွင်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သဖြင့် ဗိုလ်ဗလ(ခ)ဗလ ၃၆ နှစ်၊ စိုင်းနော်ခမ်း ၃၆ နှစ်၊ အောင်မင်းထွန်း(ခ)အောင်ကြီး၄၂ နှစ်နှင့် စိုင်းခေး(ခ)စိုင်းစံမီး၂၈ နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(၁၀၀)



စိုင်းခေး(ခ)စိုင်းစံမီး၊ စိုင်းနော်ခမ်း၊ ဗိုလ်ဗလ(ခ)ဗလနှင့် အောင်မင်းထွန်း(ခ)အောင်ကြီးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဩဂုတ် ၂၃

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၆ ပေမှ ၈ ပေခန့်ရှိနိုင်သည်။

(မိုး/၈လ)

မုတ်သုံလေအားအသင့်အတင့်ရှိ

နေပြည်တော် ဩဂုတ် ၂၃

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိမည်။ **(မိုး/၈လ)**



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၀၇၇၊ ၀၁ ၆၅၂၁၀၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၄၃၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၀၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၀၉၀၇၇

ထုတ်လုပ်မှုသက်တမ်း (၂၀) နှစ်ကျော်ရှိပြီး မိဘပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။
တစ်သက်တာလုံးကြံ့ခိုင်ဖို့
RHINO
PORTLAND CEMENT
PRODUCT OF MEC
EXPORT QUALITY
PORTLAND CEMENT, BRITISH STANDARD
OPC-BS-12-1996,42.5N
RHINO
CEMENT
RHINO
သုံးကြစို့ ...
ပင်ရင်းအရောင်းဌာန- ဖုန်း - ၀၉ ၄၂၀၃၀၀၉၉၂၊ ၀၉ ၄၂၀၃၀၀၉၉၃
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၀၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၄၃၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၀၉၀၇၇

Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
A.I.B.A MEDAL
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
AIBA
GOLD 2019







ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါရို့။



အုတ်တွင်းသကြားစက်

FDA- စ၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက်ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗဟင်းတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ စာအုပ်စာပေများသည် လူမိုတ်ဆွေများဖြစ်ပြီး စာပေမြင့်မှ လူမျိုးတင့်မည်ဖြစ် . . .

❖ စာပေသည် နိုင်ငံ၏ယဉ်ကျေးမှုအဆင့်အတန်းနှင့် အမျိုးသားရေးစိတ်ဓာတ်ကို မြှင့်တင်ပေး . . .

❖ "ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်မည်" ဆိုသည့် သတိပေးဆိုရိုးစကားအတိုင်းလိုက်နာပြီး ယဉ်ကျေးမှုမပျောက်ပျက်အောင်၊ ခိုင်မြဲတည်တံ့အောင် ဆက်လက်တည်ဆောက်ရန်မှာ နိုင်ငံသားအားလုံး၏တာဝန်ဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု ဆုနှင်းသဘင်အခမ်းအနားတွင် တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာဆောင်ရွက်ထားရှိမှုများအား စစ်ဆေး၊ တောင်ဘူမြို့တပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ကျန်းမာရေးအခြေအနေများအား သွားရောက်ကြည့်ရှုအားပေး



နေပြည်တော် သြဂုတ် ၂၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညွှန်ကြားရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးသည်။

ဦးစွာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အစည်းအဝေးခန်းမတွင် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်က တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း EAO အဖွဲ့အချို့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက နယ်မြေတည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် ဆောင်ရွက်နေမှုအခြေအနေများ၊ အများပြည်သူသွားလာလှုပ်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများ၊ တံတားများနှင့် မီးရထားလမ်းများအား မိုင်းထောင်ဖောက်ခွဲလျက်ရှိမှုအခြေအနေများနှင့် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ **စာမျက်နှာ ၅ ကော်လံ ၁ ❍**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆေးကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းအားပေးစကားပြောကြားစဉ်။

ဆောင်းပါး

နိုင်ငံတော်ကာကွယ်ရေးဆိုသည်မှာ နိုင်ငံသားတိုင်းရဲ့ နှလုံးသားထဲမှာ အမြဲရှိနေရမည့်အရာဖြစ်သည်

စာ - ၁၃ သို့

ပြည်ပမှစက်သုံးဆီတင်သင်္ဘောများ အစီအစဉ်အတိုင်းဆိုက်ကပ်လျက်ရှိပြီး ပုံမှန်ဖြန့်ဖြူးမှုအပြင် တိုးမြှင့်ဖြန့်ဖြူးမှုကြောင့် အရောင်းဆိုင်များ၏ဖြန့်ဖြူးမှုပုံမှန်အခြေအနေသို့ရောက်ရှိခဲ့ပြီး စက်သုံးဆီဈေးနှုန်းများလည်း ယခင်ထက်လျော့နည်းကျဆင်း

စာ - ၂၇ သို့

SIN MINN
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
အရည်အသွေးမှာတိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၅၅၀၅၄၃၃၊ ၀၉ ၆၆၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com
SIN MINN
50kg
BEST QUALITY CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
SIN MINN
50kg
BEST QUALITY CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ